# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# ပဉ္စမနေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
## (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ခေတ္တဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦးရှိတဲ့အနက် ၃၇၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၉.၁၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၈-၁၀-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၅ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၇၉ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၄၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၄၆ ဦးအနက် ၂၉ ဦးကတော့ ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၁၇ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၂ ရက်၊

(၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၂ ရက်၊

(၃) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၄) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၁ ရက်၊

(၅) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၂ ရက်၊

(၆) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၇) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၄ ရက်၊

(၈) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၉) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၁ ရက်၊

(၁၀) ရွားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ ခွင့် ၁ ရက်၊

(၁၁) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၁ ရက်၊

(၁၂) နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၁၃) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၄ ရက်၊

(၁၄) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင် ခွင့် ၁ ရက်၊

(၁၅) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်၊

(၁၆) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၁ ရက်နှင့်

(၁၇) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၁ ရက် တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်

ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၅ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ကို စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် မည်သို့ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရှိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဦးစိုးဝင်း(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့မေးမယ့် မေးခွန်းကတော့ ကျွန်တော်တို့နိုင်ငံမှာ ဆယ်စုနှစ်များစွာ နိုင်ငံရဲ့မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတတွေကို ထုတ်ယူရောင်းချနေခြင်းအပေါ် သဘာဝပတ်ဝန်းကျင်တွေပျက်စီးပြီး၊ သဘာဝဘေးဒဏ်တွေခံစားနေကြပြီး ဖြစ်ပါတယ်။ နိုင်ငံရဲ့အနာဂတ်အတွက် မကောင်းတဲ့အမွေအနှစ် လက္ခဏာတွေဖြစ်လို့ သယံဇာတတွေကို ထုတ်ယူရောင်းချခြင်းလုပ်ငန်းတွေကို လျှော့ပေါ့ပြီး ပတ်ဝန်းကျင်နိုင်ငံများကဲ့သို့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး ခရီးသွားလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ သဘာဝအလှကို နိုင်ငံတကာကသိအောင်ပြသနိုင်ရေးအတွက် ယခုမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ပတ်ဝန်းကျင်နိုင်ငံများရဲ့ခရီးသွားလုပ်ငန်းအနေနဲ့ပတ်သက်ပြီးတော့ အခြေအနေတွေကို ကျွန်တော် အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်တော်တို့အိမ်နီးချင်းနိုင်ငံမှာ စင်ကာပူနိုင်ငံဆိုရင်လည်း သူကျွန်း နိုင်ငံလေးမှာရှိ

တဲ့ Sentosa ကျွန်းကိုပြုပြင်ပြီးတော့ ငါးပြတိုက်တွေ၊ နောက် Dolphin ပြခန်းတွေ၊ နောက် ညဘက် သဲသောင်ပြင်အလှအပတွေ စသဖြင့် နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်ထားတာတွေကို တွေ့ရှိရပါတယ်။ နောက်မလေးရှားနိုင်ငံဆိုလို့ရှိရင်လည်း တောင်ပေါ်ဒေသကို ပတ်ဝန်းကျင်သစ်ပင်တွေကို ပြုပြင်ပြီးတော့ သစ်တောကြီးပမာထိန်းသိမ်းပြီးအပေါ်မှာအမျိုးမျိုး နိုင်ငံတကာက စိတ်ဝင်စားဖွယ် အားကစားနည်းတွေဖန်တီးပြီးတော့ နိုင်ငံတကာကလာတဲ့ လူတွေကနေ ဝင်ငွေတွေရရှိအောင် ဆောင်ရွက်ထားခဲ့တာကိုလည်း တွေ့ရှိခဲ့ရပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ရဲ့အနီးစပ်ဆုံး ထိုင်းနိုင်ငံမှာဆိုလို့ရှိရင်လည်း နိုင်ငံခြားသားတွေဆီကနေပြီးတော့ နိုင်ငံရဲ့အလှအပတွေနဲ့ ဥပမာ Bangkok Garden လိုမျိုးနေရာမျိုးမှာဆိုလို့ရှိရင် တိရစ္ဆာန်ပြပွဲတွေပြသပြီးတော့ ဝင်ငွေရှာခဲ့တာရှိပါတယ်။ ဥပမာ ဆင်ပြပွဲတွေ၊ အခုန ကျွန်တော်တို့ ပန်းအလှပြပွဲတွေ၊ သစ်ခွပန်းတွေ စသည်ဖြင့် ပြသရောင်းချပြီးတော့ ဝင်ငွေရှာတာတွေ့ပါတယ်။ အဲ့ဒီတော့ ဆင်ပြပွဲတွေပြသတဲ့နေရာမှာလည်း နိုင်ငံတကာကနေစိတ်ဝင်စားအောင် ဆင်တွေရဲ့ အခုနကပြောသလို ပန်းချီးဆွဲတာတို့၊ ဘောကန်တာတို့ စသည်ဖြင့် လုပ်ဆောင်မှု ပြသတာကိုတွေ့ရှိရပါတယ်။ အထူးစိတ်ဝင်စားဖို့ကောင်းတာက အဲ့ဒီပြခန်းတွေကို တာဝန်ပြုလုပ်ကိုင်နေတဲ့ အလုပ်သမား ၁၀၀၀ ကျော်မှာ ကျွန်တော်တို့နိုင်ငံက ထားဝယ်ဘက်က အလုပ်သမား ၆၀၀ ကျော်ရှိတယ်ဆိုတာ သိရှိရပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ဆီက အလုပ်သမားတွေကဆိုလို့ရှိရင်လည်း တကယ်ကို ကျွမ်းကျင်ပြီးသား အလုပ်သမားတွေဖြစ်နေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီလိုလုပ်ငန်းတွေ ထူထောင်ပေးဖို့ပဲလိုအပ်မယ်လို့ပဲ ကျွန်တော်ထင်ပါတယ်။ အလုပ်သမားကတော့ Japanese မှာလည်း ဗမာတွေအများကြီးတွေ့ခဲ့ပါတယ်။ အဲ့ဒီ **နာတွတ်** မှာလည်း ဗမာအလုပ်သမား တစ်ဝက်ကျော်ရှိပါတယ်။ အဲ့ဒီတော့ ဒါဟာ အလုပ်သမားအတွက် ကျွန်တော်တို့တွေအတွက် စိုးရိမ်စရာမရှိပါဘူး။ ပူပန်စရာမရှိပါဘူး။ အဲ့ဒီတော့ ကျွန်တော်တို့တွေက ဒီခရီးသွားလုပ်ငန်းတွေမြှင့်တင်ပေးဖို့ပဲအရေးကြီးပါတယ်။ အဲ့ဒီအတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဒီမှာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာနိုင်ငံ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအလှတရားများ၊ သဘာဝသယံဇာတများပေါကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ စိတ်ဝင်စားတဲ့နေရာများလည်း များပြားပါတယ်။ နိုင်ငံတကာမှ အသိအမှတ်ပြုလာပြီ ဖြစ်ပါတယ်။ နှစ်ပေါင်း ၂၅၀ ကျော်ရှိတဲ့ ဗြိတိန်ရဲ့ သက်တမ်းရင့် ခရီးသွားလုပ်ငန်းစုက မြန်မာ၏ထိပ်တန်းခရီးစဉ် ၆ ခုကို ကြေညာထားကြောင်းလည်း သိရှိရပါတယ်။ ပတ်ဝန်းကျင်နိုင်ငံများတွင် ခရီးသွားလုပ်ငန်းကို တွင်တွင်ကျယ်ကျယ်ဆောင်ရွက်လျက်

ရှိပြီး နိုင်ငံဝင်ငွေရရှိသည့်လုပ်ငန်းအဖြစ် မီးခိုးမထွက်သောစက်ရုံအဖြစ် တင်စားထားတာကိုတွေ့ရှိရပါတယ်။ ခရီးသွားများ စိတ်ချမ်းမြေ့စွာသွားလာလည်ပတ်နိုင်ရေးအတွက် စီစဉ်ထားရှိမှုများနှင့် ဒေသန္တရဗဟုသုတရရှိရေးအတွက် ထင်ရှားသည့်နေရာများ၊ ဒေသထွက်ကုန်များ မိတ်ဆက်နိုင်ရေးအတွက် ဒေသထွက်ကုန်အရောင်းဆိုင်များသို့ ပို့ဆောင်ပေးခြင်း၊ အစီအစဉ်များကိုလည်း ခရီးစဉ်များတွင် ထည့်သွင်းထားတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံတွင်လည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝန်ကြီးဌာနမှ မည်ကဲ့သို့သော ဝန်ဆောင်မှုအစီအစဉ်များကို မည်သည့်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်နေကြောင်းသိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာစိုင်းကျော်အုန်း(ဒုတိယဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး လိုအင်ဆန္ဒပြည့်ဝကြပါစေ။ မင်္ဂလာအပေါင်းနှင့်ပြည့်ဝကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပဥ္စမနေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း မေးမြန်းထားတဲ့ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် မည်ကဲ့သို့သော ဝန်ဆောင်မှုအစီအစဉ်များ/အစီအမံများချမှတ်၍ မည်သည့်ဝန်ကြီးဌာများနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရှိလိုသည်ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာမှလာရောက်ပြီးတော့ ရောက်ရှိလာကြမယ့် နိုင်ငံခြားသားခရီးသွား ဧည့်သည်များအတွက် ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များနဲ့ နယ်စပ်ဝင်ပေါက်များမှအပါအဝင် ထင်ရှားတဲ့ခရီးစဉ်ဒေသနေရာများမှာ သတင်းနှင့်ပြန်ကြားရေးကောင်တာများ Information Counter များဖွင့်လှစ်ထားရှိခဲ့ပါတယ်။ ခရီးသွားဧည့်သည်များရဲ့ ခရီးစဉ်လိုအပ်ချက်များအပေါ် မေးမြန်းစုံစမ်းလာမှုများအား ပြန်လည်ဖြေကြားခြင်းနဲ့ အခြားသော

အခက်အခဲများ ကူညီဖြေရှင်းပေးခြင်း၊ ခရီးစဉ်များရောင်းချပေးခြင်း၊ လိုအပ်လျှင် ဧည့်လမ်းညွှန်များ ခေါ်ယူငှားရမ်းပေးခြင်း၊ မော်တော်ယာဉ်များ ငှားရမ်းပေးခြင်း၊ ဟိုတယ်အခန်းများရောင်းချပေးခြင်း၊ လေယာဉ်လက်မှတ်များရောင်းချပေးခြင်း၊ အဆင်ပြေလွယ်ကူစွာ ဝင်/ထွက်သွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်းနှင့် ခရီးစဉ်နဲ့ဟိုတယ်ဆိုင်ရာ လက်ကမ်းစာစောင်များနဲ့ လမ်းညွှန်မြေပုံများ ဖြန့်ဖြူးဝေငှပေးခြင်းစတဲ့ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် ဝန်ကြီးဌာနအနေနဲ့ တိုးတက်ဝင်ရောက်လာမယ့် နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုအဆင့်အတန်းမီသော ဟိုတယ်အခန်းများ လုံလောက်မှုရှိစေရန်နှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဟိုတယ်များတိုးချဲ့တည်ဆောက်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊ ဝန်ကြီးဌာနမှ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းနှင့်စည်းကမ်းများ၊ သတ်မှတ်ချက်များနဲ့ ကိုက်ညီမှုရှိပါက ဟိုတယ်လုပ်ငန်းလိုင်စင်များကို အဆင်ပြေစွာနှင့် မြန်ဆန်စွာထုတ်ပေးခြင်း၊ ကန့်သတ်ခရီးစဉ်များအတွက် ဖြေလျှော့မှုများဆောင်ရွက်ပေးနိုင်ရန်တင်ပြခြင်းနဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်များမှာ နိုင်ငံခြားသားခရီးသွားဧည့်သည်များ သွားလာလည်ပတ်နိုင်သော ခရီးစဉ်ဒေသအသစ်တိုးတက်ဖော်ထုတ်နိုင်ရေးအတွက်ကိုလည်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနဲ့ ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းနယ်ပယ်မှာ ဝန်ဆောင်မှုကောင်းမွန်လာစေရန်ရည်ရွယ်ပြီးတော့ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း (၄) မျိုးနဲ့ ဒေသဆိုင်ရာဧည့်လမ်းညွှန်သင်တန်းများကို နေပြည်တော်၊ ပုဂံ၊ ညောင်ရွှေ၊ တောင်ကြီး၊ ကလော၊ မန္တလေး၊ ပြင်ဦးလွင်၊ ထားဝယ်၊ လွိုင်ကော်၊ တာချီလိတ်၊ ကျိုင်းတုံ၊ စစ်တွေနဲ့ မိုးကုတ်၊ မော်လမြိုင်တို့မှာ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း အလားတူသင်တန်းမျိုးတွေ ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနလက်အောက် ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းကျောင်းမှာလည်း အခြေခံဧည့်လမ်းညွှန်သင်တန်းများကို ပုံမှန်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ခရီးသွားလုပ်ငန်းဆိုင်ရာဘာသာရပ်ကို တက္ကသိုလ်အဆင့်အဖြစ် ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်နဲ့ မန္တလေးတက္ကသိုလ်တို့မှာ B.A (Tourism) ဘာသာရပ်ကို သင်ကြားပေးလျက်ရှိရာမှာ ဤဝန်ကြီးဌာနမှ လိုအပ်သည်များကို ပံ့ပိုးကူညီပေးလျက်ရှိပါတယ်။

ဎင်းအပြင် ဝန်ကြီးဌာနရဲ့ Website တစ်ခုကိုလည်း လွှင့်တင်ပြီးတော့ ဌာနရဲ့လှုပ်ရှားမှုသတင်းများနဲ့မှတ်တမ်းများကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် သတင်းများထုတ်ပြန်ခြင်း၊ ဟိုတယ်များ၊

ခရီးသွား ကုမ္ပဏီများနဲ့ ဆက်သွယ်ရန်လိပ်စာများ၊ ဓာတ်ပုံများ၊ e-mail လိပ်စာများ ထုတ်ပြန်ပေးခြင်း၊ ဘာသာအလိုက် ကျွမ်းကျင်တဲ့ဧည့်လမ်းညွှန်များရဲ့ အမည်စာရင်းနဲ့ ဆက်သွယ်ရန်လိပ်စာများကို ထုတ်ပြန်ပေးခြင်း၊ ဝန်ကြီးဌာနမှထုတ်ဝေထားရှိတဲ့ လက်ကမ်းစာစောင်များ၊ ဂျာနယ်များ၊ ခရီးစဉ်ဒေသ အလိုက် မြှင့်တင်ကြော်ငြာထားတဲ့စာအုပ်များကို ထုတ်ဝေပေးခြင်း၊ မြန်မာ့ခရီးသွားလုပ်ငန်းမှ ဝန်ဆောင်မှုပေးနေသော ခရီးစဉ်များကို ထည့်သွင်းကြော်ငြာပေးခြင်း၊ ဝန်ကြီးဌာနမှ စီစဉ်ထုတ်ပေး လျက်ရှိသော လုပ်ငန်းလိုင်စင် (၄) မျိုးနှင့်ပတ်သက်ပြီးတော့ လုပ်ထုံးလုပ်နည်းနဲ့ စည်းမျဉ်းစည်းကမ်း များအားသိရှိနိုင်စေရန် ထုတ်ပြန်ခြင်းများအပြင် မြန်မာနိုင်ငံရဲ့ခရီးစဉ်ဒေသများ၊ ရိုးရာပွဲတော်များ၊ မှီတင်းနေထိုင်ကြသော လူမျိုးစုများနဲ့ ရိုးရာယဉ်ကျေးမှုများအား ထုတ်ပြန်ပေးခြင်းများကို စီစဉ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အစိုးရ၊ ပုဂ္ဂလိကနဲ့ ဒေသခံပြည်သူများအနေနဲ့ ယင်းလုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ကောင်းကျိုး ဆိုးကျိုးများကို ကြိုတင်သိရှိနားလည်စေဖို့အတွက် ပြည်ပမှပညာရှင်များရဲ့ အကူအညီနဲ့ Myanmar Responsible Tourism Policy, Policy on Community Involvment in Tourism, Dos and Don'ts for Tourists စာအုပ်များကို တိုင်းဒေသကြီးနဲ့ ပြည်နယ်များအထိ ထုတ်ဝေဖြန့်ချိပြီး ပညာပေး ဆောင်ရွက်နိုင်ခဲ့တဲ့အပြင် ၂၀၁၃ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ပြည်ပနိုင်ငံတကာအဖွဲ့အစည်းများရဲ့ အကူအညီနဲ့ဆောင်ရွက်ပေးသွားမယ့် မဟာဗျူဟာအစီအစဉ် (၆)ခုနဲ့ ကဏ္ဍအလိုက်ဦးစားပေးစီမံကိန်း ၃၈ ခုပါဝင်တဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းစီမံကိန်း Myanmar Tourism Master Plan ကိုလည်း မကြာမီ ထုတ်ပြန်သွားမှာဖြစ်ပါတယ်။ ထို့အပြင် မြန်မာနိုင်ငံရဲ့ လူနေမှုစရိုက်နဲ့ ရိုးရာယဉ်ကျေးမှုများ၊ ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသနေရာများနဲ့ တိုးတက်ပြောင်းလဲဖြစ်ထွန်းနေမှုအခြေအနေများကို နိုင်ငံတကာမှ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်အတွက် ဇွန်လမှာကျင်းပခဲ့သော World Economic Forum နှင့်ချိန်ကိုက်ပြီးတော့ Nation Branding Campaign TV Commercial အစီအစဉ်ကို Channel News Asia နှင့် BBC Channel တို့မှာ ထုတ်လွှင့်ပြသနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့ လည်း CNN Channel မှာ လွှင့်တင်ပြသလျက်ရှိပါတယ်။

ဇင်းအပြင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ ဝန်ကြီးဌာနရဲ့ ကြီးကြပ်မှု အောက်ရှိ တရားဝင်ဖွဲ့စည်းထားရှိပြီးဖြစ်တဲ့ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ် MTF နဲ့ ၎င်းအဖွဲ့

ချုပ်အောက်မှာရှိတဲ့ လုပ်ငန်းကဏ္ဍအလိုက် ဖွဲ့စည်းထားရှိတဲ့ အသင်း ၁၁ သင်းနဲ့လည်း ခရီးသွား လုပ်ငန်း ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအဖွဲ့ချုပ် အောက်မှာရှိတဲ့ အသင်း ၁၁ သင်းကတော့

(၁) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊

(၂) မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊

(၃) မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေးကော်မတီ၊

(၄) မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း၊

(၅) မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊

(၆) မြန်မာနိုင်ငံခရီးသွားလုပ်ငန်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း၊

(၇) မြန်မာနိုင်ငံ အမှတ်တရပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များအသင်း၊

(၈) မြန်မာနိုင်ငံ ပြည်တွင်းခရီးသွားဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊

(၉) မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ကျန်းမာရေးနှင့် အထွေထွေဝန်ဆောင်မှုအသင်း၊

(၁၀) မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းများအသင်း၊

(၁၁) မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ထမ်းများအသင်း တို့ပဲ ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံခြားသားခရီးသွားဧည့်သည်များမှ မြန်မာ့လက်မှုပညာ၊ အနုပညာများကို နှစ်သက်ပြီးတော့ အမှတ်တရဝယ်ယူလိုပါက အလွယ်တကူဝယ်ယူနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၊ ထင်ရှားသောခရီးစဉ် ဒေသနေရာများနဲ့ ဟိုတယ်ကြီးများတွေမှာ အမှတ်တရပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနိုင်ရေးအတွက် မြန်မာနိုင်ငံ ခရီးသွာလုပ်ငန်းအဖွဲ့ချုပ်နဲ့ သက်ဆိုင် ရာလုပ်ငန်းရှင်များအသင်းကို ဝန်ကြီးဌာနအနေဖြင့် ကြီးကြပ်လမ်းညွှန်ပြီးတော့ ဝန်ဆောင်မှုပေးလျက် ရှိပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကဏ္ဍအလိုက်၊ ဒေသအလိုက် အလုပ်ရုံဆွေးနွေးပွဲများ ကိုလည်း ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်း ရန်ကုန်၊ မန္တလေး၊ ထားဝယ်၊ ပုဂံ၊ အင်းလေး၊ ငပလီ ဒေသတွေမှာ ကျင်းပပြုလုပ်ခဲ့ပြီး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကိုတော့ နေပြည်တော်၊ ဝန်ကြီး ဌာနရုံးချုပ်မှာ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဆွေးနွေးပွဲတွေ

က ဖော်ထုတ်ရရှိတဲ့ လုပ်ငန်းရပ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နယ်မြေဒေသ ၁၅ ခုသတ်မှတ်ပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေအလိုက် Working Group များဖွဲ့စည်းပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှာ ပြင်ဆင်ထုတ်ပြန်ခဲ့တဲ့ နိုင်ငံခြားသားများ သွားရောက်လည်ပတ်ရန် ခွင့်ပြုသော နယ်မြေသတ်မှတ်ချက်များအရ ယခင်ကထက် ခရီးစဉ်ဒေသနေရာအနှံ့အပြားများကို သွားလာခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဝန်ကြီးအနေနဲ့လည်း ကယားပြည်နယ် လွိုင်ကော်မြို့၊ ကရင်ပြည်နယ် မြဝတီမြို့၊ ဘားအံမြို့၊ ချင်းပြည်နယ် ကလေး၊ ဟားခါး၊ ရိခေါဒါမြို့နယ်များ၊ မွန်ပြည်နယ် မော်လမြိုင်၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေး၊ မိုးကုတ်မြို့နယ်များ၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးရှိမြို့နယ်များ၊ ဧရာဝတီ တိုင်းရှိ ချောင်းသာ၊ ငွေဆောင်နဲ့ ရှမ်းပြည်နယ်တွင် တာချီလိတ်၊ ကျိုင်းတုံဒေသများနဲ့ နိုင်ငံခြားသားများ အများဆုံးလာရောက်ကြတဲ့ ပုဂံ၊ အင်းလေးနှင့် ငပလီဒေသများကို ကွင်းဆင်းသွားရောက်ခဲ့ပြီး သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဒေသခံမြို့မိ မြို့ဖ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များနဲ့တွေ့ဆုံကာ ခရီးသွားလုပ်ငန်းအတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒေသခံပြည်သူလူထုအကျိုးစီးပွားများအတွက် အထောက်အကူပြုနိုင်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံကို ၂၀၁၁ ခုနှစ်မှစပြီး တိုးတက်ဝင်ရောက်လာကြလျက်ရှိရာ ၂၀၁၂ ခုနှစ်မှာ နိုင်ငံခြားသားခရီးသွားဧည့်သည် စုစုပေါင်း ၁.၀၆ သန်းထိ တိုးတက်ဝင်ရောက်ခဲ့ပါတယ်။ ယခုနှစ်မှာတော့ ခရီးသွားဧည့်သည် ၁.၈ သန်းကနေ ၂ သန်းအထိ လာရောက်မယ်လို့ ခန့်မှန်းထားပါတယ်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီးတော့ နိုင်ငံခြားသားခရီးသွားဧည့်သည်များမှ မြန်မာနိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများ၊ ဂေဟစနစ်များ၊ သားငှက်တိရစ္ဆာန်များ၊ သစ်တောသစ်ပင်များနဲ့ ဒေသခံပြည်သူများတို့ရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေ့လာကြည့်ရှုနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပို့ချပေးလျက်ရှိတဲ့ သင်တန်းများမှာလည်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ရေး (The Sustainable Ecotourism

Development) ဟူတဲ့ ဘာသာရပ်ခေါင်းစဉ်တစ်ခုအဖြစ် ထည့်သွင်းသင်ကြားပေးလျက်ရှိပါတယ်။ ၎င်းအပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့အစီအစဉ်နဲ့ နိုင်ငံခြားသား ခရီးသွားဧည့်သည်များမှ ရန်ကုန်နဲ့ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှာ ဝင်/ထွက်သွားလာမှု အဆင်ပြေချောမွေ့လွယ်ကူစေနိုင်ရေးအတွက် ဆိုက်ရောက်ကောင်တာ၊ ထွက်ခွာကောင်တာများ တိုးချဲ့ဆောင်ရွက်ပေးခြင်း၊ တာဝန်ကျဝန်ထမ်းအင်အားများ တိုးချဲ့ဖွဲ့စည်းပေးခြင်းနဲ့ လမ်းညွှန်အမှတ် အသား ဆိုင်းဘုတ်များထားရှိပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ တင်းကြပ်နေတဲ့ စည်းကမ်းများလျော့ပေါ့ပေးခြင်း၊ ဗီဇာစနစ်ပုံစံပြောင်းလဲပေးခြင်းတို့ကိုလည်း ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးကို အထောက်အကူများစွာဖြစ်စေတာကြောင့် လုပ်ငန်းဗီဇာ၊ ပြည်ဝင်ဗီဇာ၊ ဖြတ်သန်းဗီဇာများ ဆိုက်ရောက်ဗီဇာစနစ်ဖြင့် နိုင်ငံပေါင်း ၅၁ နိုင်ငံကို ပြည်ဝင်ခွင့်ပေးနိုင်ခဲ့ပါတယ်။ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ အပြည်ပြည်ဆိုင်ရာ ရေလမ်းခရီးမှ ဝင်ရောက်ခြင်းနဲ့ပတ်သက် ၍လည်း ကမ္ဘာလှည့်အပျော်စီးသင်္ဘောကြီးမှ ရေကြောင်းခရီးဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မှု တွင် အဆိုပါခရီးသည်များအတွက် သင်္ဘောပေါ်မှာပဲ ကမ္ဘာလှည့်ဆိုက်ရောက်ဗီဇာ ဆောင်ရွက်ပေး လျက်ရှိပါတယ်။

သာသနာရေးဝန်ကြီးဌာနရဲ့ စီစဉ်ကြီးကြပ်မှုဖြင့်လည်း နိုင်ငံခြားသားခရီးသွားဧည့်သည်များ အများဆုံးလာရောက်ကြတဲ့ ဘုရားစေတီများမှာ ဓာတ်လှေကားများ စီစဉ်ဆောင်ရွက်ပေးခြင်း၊ လိုအပ် ပါက ဂေါပကအဖွဲ့ဝင်များမှ ရှင်းလင်းပြသပေးခြင်းဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒါ့အပြင် ယခင်ခွင့်ပြုချက်ရရှိမှ ဝင်/ထွက်သွားလာခွင့်ရရှိခဲ့တဲ့ နယ်စပ်ဂိတ်များမှာ ခရီးသွား ဧည့်သည်များ အလွယ်တကူ ဝင်/ထွက်နိုင်စေရန်အတွက် ၂၈-၈-၂၀၁၃ ရက်မှစပြီးတော့ မြန်မာ-ထိုင်း နယ်စပ် ဝင်/ထွက်ပေါက်များဖြစ်တဲ့ တာချီလိတ်-မယ်ဆိုင်၊ မြဝတီ-မဲဆောက်၊ ကော့သောင်း-ရနောင်းနဲ့ ထီးခီး-ဖူနာရွန် ဝင်ပေါက်လေးပေါက်ကို အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်ပေါက်များအဖြစ် အဆင့် တိုးမြှင့်၍ နိုင်ငံခြားသား၊ ထိုင်းနိုင်ငံသား၊ တတိယနိုင်ငံသားများအား ပြည်ဝင်ဗီဇာဖြင့် စနစ်တကျ ဝင်/ထွက်ခွင့် ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။ မကြာမီ မြန်မာ-တရုတ်နယ်စပ်ဝင်ပေါက်ဖြစ်တဲ့ မူဆယ် ဝင်ပေါက်ကိုလည်း ခွင့်ပြုပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် နိုင်ငံခြား သားများ၊ ခရီးသွားဧည့်သည်များ ပိုမိုလွယ်ကူစွာ ဝင်ရောက်နိုင်စေရေးအတွက် ယခုထက် ပိုမိုများပြား စွာ ဝင်ရောက်နိုင်စေရေးအတွက် e-Visa စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းဟာ တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်များစွာနဲ့ ဆက်လက် ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ ဒီလိုဖွံ့ဖြိုးလာတာနဲ့အမျှ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ နိုင်ငံ ခြားသား ခရီးသွားဧည့်သည်များကို ပြည့်စုံကောင်းမွန်တဲ့ဝန်ဆောင်မှုများ ပေးနိုင်ဖို့၊ ခရီးစဉ် ဒေသအလိုက် စနစ်တကျဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နိုင်စေဖို့အတွက် လိုအပ်တဲ့ပြင်ဆင်မှုများကို အချိန် နဲ့တစ်ပြေး ညီ ကြိုးစားလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုလုပ်ကိုင်ဆောင်ရွက်တဲ့ နေရာမှာလည်း အစိုးရ အဖွဲ့အစည်းတစ်ခု၊ ဝန်ကြီးဌာနတစ်ခုတည်းသာမကပဲ ပုဂ္ဂလိကအဖွဲ့အစည်း၊ တစ်ဦး ချင်းလုပ်ငန်းရှင် များနဲ့ ပြည်သူများကပါ တက်ကြွစွာပါဝင်ပူးပေါင်းလုပ်ဆောင်လာရေးအတွက် အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။ (သြဘာသံများ)

**ကွန်ဟိန်းမြို့နယ်၊ ကုန်းပေါင်းရွာ၏ နှစ်စဉ်နွေရာသီ ရေပြတ်လပ်မှုကို မည်သို့ကူညီဆောင်ရွက်ပေးနိုင် မည်ကိုသိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)။** ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်တောင် ပိုင်း၊ ကွန်ဟိန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဖြစ်ပါတယ်ရှင်။ ကွန်ဟိန်း မြို့နယ် ကုန်းပေါင်းရွာမှာ သောက်သုံးရေလုံးဝပြတ်လပ်နေ၍ ရေသွယ်တန်းပေးပါရန် ကျွန်မက ပထမ အကြိမ်အနေဖြင့် ပြည်ထောင်စုဝန်ကြီးနယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဌေးထံ ကို ပထမဦးဆုံးနှုတ်အားဖြင့်တင်ပြခဲ့ရာ ကံအကြောင်းမကောင်းစွာဖြင့် ဦးသိန်းဌေးမှ ပြောင်းရွှေ့ခဲ့ရပါ တယ်။ ဒုတိယပိုင်းအနေဖြင့် ၂၀-၅-၂၀၁၃ ရက်နေ့မှာ ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန ထံကို ကျွန်မက စာဖြင့်ထပ်မံပေးပို့တင်ပြခဲ့ပါတယ်။ တတိယအကြိမ်မြောက်အနေဖြင့် ပထမအကြိမ် သတ္တမပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းအနေဖြင့် မေးမြန်းခြင်းဖြစ်ပါတယ်ရှင်။ ကွန်ဟိန်းမြို့ နယ် ကုန်းပေါင်ရွာဟာ ကွန်ဟိန်းမြို့နယ်နှင့် ခိုလှန်မြို့နယ်ခွဲခြားမှာ တည်ရှိပါတယ်။ အိမ်ခြေ ၂၅၀ ကျော်တည်ရှိကာ လူဦးရေ၂၅၀၀ ကျော်ခန့်ရှိပါတယ်။ ၎င်းတို့တစ်ရွာလုံးအတွက် တပ်ရင်း ၁၅၃ အထွက်မှ ရဲစခန်းအနီးသို့သွယ်တန်းထားတဲ့ သောက်သုံးရေသာရှိပါတယ်။ အဆိုပါသွယ်တန်းရေဟာ

သောက်သုံးရေအဖြစ် တစ်ရွာလုံးအတွက်ရေလုံလောက်မှုမရှိပါဘူး။ ရေလှောင်ကန် ၂ ခုသာရှိပါတယ်။ ရေတွင်းများတူးဖော်ပါသော်လည်းရေမထွက်ပါဘူး။ တပ်ရင်း ၁၅၃ မှလည်းတစ်ရွာလုံးတွင် စမ်းသပ်တူးဖော်ခဲ့သော်လည်း မအောင်မြင်ခဲ့ပါဘူး။ ရေမလုံလောက်မှုကို ဆိုးရွားစွာရင်ဆိုင်နေရပါတယ်။ အဆိုးရွားဆုံးမှာ နွေရာသီကာလတွင် ရေများခမ်းခြောက်၍ ရေလုနေရသောကြောင့် ပြည်သူများမှာ တပ်မတော်နှင့်သော်လည်းကောင်း၊ ရဲများနှင့်သော်လည်းကောင်း ပြဿနာများစွာဖြစ်ပွားခဲ့သည်ကို ဖြေရှင်းပေးခဲ့ရပါတယ်။ ယခုအနေအထားမှာ ပြည်သူများဟာနွေရာသီမှာရေပိုက်ဖြင့် ရေပိုက်မှရေများကို ပါးစပ်ဖြင့်စုတ်ယူ၍ ရေခပ်နေရပါတယ်။ ဒါ့အပြင် ၁၀ မိုင်ခန့်ဝေးကွာတဲ့ရွာများကိုသွားပြီးတော့ ရေခပ်နေရပါတယ်။ ထော်လာဂျီများ၊ ကားများရှိတဲ့အိမ်အတွက်အဆင်ပြေနိုင်သော်လည်း ရွာသားအများစုမှာ ထိုကဲ့သို့မဖြစ်နိုင်ပါ။ ရွာရပ်မိ၊ ရပ်ဖများက မိမိတို့ရွာသောက်သုံးရေဖူလုံရေးအတွက် ရွာရဲ့အရှေ့ဘက် ၇ မိုင် ခန့်ဝေးတဲ့နေရာမှာ နမ့်ဟွေလောဝ်(ခ)ရေတံခွန်အငယ်စားကိုတွေ့ရှိခဲ့ပါတယ်။ ထိုရေမှာတစ်ရွာလုံး အတွက်လုံလောက်မှုရှိပါတယ်။ သို့သော် မိမိတို့ရွာရဲ့အင်အားနဲ့ ရေသွယ်တန်းရန် မဖြစ်နိုင်သောကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အဆင်ပြေအောင်ဆောင်ရွက်ပေးပါရန် အကူအညီတောင်းခံအပ်ပါကြောင်း ဓာတ်ပုံနှင့်တကွတင်ပြထားပါတယ်။ ထိုသို့တင်ပြထားသော်လည်း သက်ဆိုင်ရာဝန်ကြီးဌာနထံမှ မည်သည့်အကြောင်းအရာတစ်စုံတစ်ရာကိုမှ မကြားသိရသေးတဲ့အတွက် ကုန်းပေါင်ရွာနေပြည်သူများက အလွန်စိုးရိမ်ပူပန်နေလျက်ရှိပါတယ်။ ပြည်သူများ ကိုယ်စားလှယ်များနှင့်သက်ဆိုင်ရာများက ရဲစခန်းအနီးရှိရေလှောင်ကန်ထဲကိုရေသွင်းရန် ဆည်တည်ဆောက်ခဲ့သော်လည်း နွေရာသီမှာရေလုံးဝပြတ်တောက်ခဲ့ပါတယ်။

သို့ဖြစ်ပါသောကြောင့် မေးမြန်းလိုသည်မှာ (က) ကွန်ဟိန်းမြို့နယ်၊ ကုန်းပေါင်ရွာ၏ နှစ်စဉ်နွေရာသီတွင်သောက်သုံးရေ ပြတ်လပ်နေမှုကို ရွာသူရွာသားများ၏ဆန္ဒအတိုင်း နမ့်ဟွေလောဝ်(ခ)ရေတံခွန်အငယ်စားလေးမှ ရေသွယ်တန်းပေးနိုင်ပါမည်လား။ (ခ) မသွယ်တန်းပေးနိုင်ဘူးဆိုပါက အဘယ်ကြောင့်နည်း။ (ဂ) မသွယ်တန်းပေးနိုင်ဘူးဆိုပါက နှစ်စဉ်နှစ်တိုင်းနွေရာသီရောက်လျှင် သောက်သုံးရေလုံးဝပြတ်လပ်နေလေ့ရှိသော ကုန်းပေါက်ရွာကို နိုင်ငံတော်က မည်သို့ကူညီဖြည့်ဆည်းပေးနိုင်ပါမည်နည်း။ ကျေးဇူးတင်ပါတယ်ရှင့်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေးရေလုပ်ငန်းနှင့်ကျေးလက်ဒေဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်းဆုတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ် လိုက်ကမ်းကျေးရွာအုပ်စုဖြစ်တဲ့ ကုန်းပေါင်ကျေးရွာမှာ အိမ်ခြေ ၁၈၉ အိမ်၊ လူဦးရေ ၁၃၀၅ ဦးမှီတင်းနေထိုင်ပြီးတော့ ၁ ရက်ကို ရေလိုအပ်ချက်ကတော့ ၂၆၁၀၀ ဂါလံဖြစ်ပါတယ်။ ဌာနဆိုင်ရာများ၊ ပြည်သူများရဲ့ပူးပေါင်းထည့်ဝင်ငွေနှင့် ၂၀၀၀ ပြည့်နှစ်က ကျပ် ၈၀ သိန်းနဲ့ ကုန်ကျခံပြီးတော့ ရွာရဲ့အနောက်တောင်ဘက်မှာ ၂.၅ မိုင်ခန့်အကွာမှာ ရေထွက်ရှိပါတယ်။ အဲ့ဒီရေထွက်ကနေပြီးတော့ ၂ လက်မ PVC ပိုက်များဖြင့်သွယ်တန်းပြီးတော့ ကျေးရွာကိုရေစုကန် ၂ ကန် တည်ဆောက်ပြီးတော့ သုံးစွဲလျက်ရှိတာကိုတွေ့ရပါတယ်။

အဆိုပါရေပိုက်တွေဟာလည်း ၁၃ နှစ်ခန့်ကြာပြီဖြစ်တဲ့အတွက်ကြောင့် ရေရရှိမှုလျော့နည်းပြီးတော့ ရေလုံလောက်စွာမရှိကြောင်းကို သိရှိရပါတယ်။ ဒါ့ကြောင့်မို့လို့လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ထောက်ပံ့ငွေ ၁၇၆၁၀၅၅ ကျပ်၊ ပြည်သူလူထုထည့်ဝင်ငွေ ၂၄၀၀၀၀၀၊ စုစုပေါင်းကျပ်ငွေ ၄၁၆၀၀၀၀ ကျော်နှင့် ရေပိုက်များကိုအစားထိုးလဲလှယ်ပြီးတော့ ရေစုကန်များကိုလည်း တည်ဆောက်ပေးခဲ့တာကိုတွေ့ရပါတယ် ၂၀၁၃-၂၀၁၄ နှစ်မှာတော့ ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၈.၈၅ သိန်းနဲ့ ၂ လက်မ PVC ပိုက် ၈၈၀ ပေကိုလည်း အစားထိုးလဲလှယ်ပြီး လုပ်ငန်းဆောင်ရွက်ပေးခဲ့တာတွေ့ရပါတယ်ခင်ဗျာ။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုရဲ့ မေးခွန်းနှင့်စပ်လျဥ်းပြီးတော့ ကွန်ဟိန်းမြို့နယ်အတွင်းမှာရှိတဲ့ သောက်သုံးရေရှားပါးတဲ့ ကုန်းပေါင်းကျေးရွာမှာ ရေရရှိရေးအတွက် နမ့်ပှေလောဝ်(ခ) ရေတံခွန်ကနေပြီးတော့ ရေသွယ်ယူရေးလုပ်ငန်းကို ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ၊ အင်ဂျင်နီယာအဖွဲ့၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူ ကော်မတီတို့ပူးပေါင်းပြီးတော့ ကွင်းဆင်းစစ်ဆေးလျက်ရှိပါတယ်။ အဲ့ဒီစစ်ဆေးချက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ဆက်လက်ပြီးတော့ မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဆက်လက်ပြီးတော့ပေးပို့ဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေ

နဲ့ကတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာတော့ ဘဏ္ဍာငွေလျာထားချက်ထဲမှာ ထည့်သွင်းဆွဲထားတာ မရှိသေးကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ ဝန်ကြီးရှင့်။ အခုကတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်မှာတော့ မမှီလောက်တော့ဘူးဆိုတာတော့ကျွန်မသိပါတယ်။ အဲ့ဒီအတွက်ကြောင့် အခုဆိုလို့ရှိရင် သွားတွက်ချက်တဲ့ အင်ဂျင်နီယာအဖွဲ့နှင့်အထောက်အကူပြုအဖွဲ့ကနေ တင်သွင်းလာလို့ရှိရင် ကျွန်မ သိရသလောက်စုံစမ်းလာရသလောက် သိန်းပေါင်း ၉၆၀ကုန်ကျမည်လို့ ကျွန်မသိလာပါတယ်။ အဲ့ဒီ ဟာတွေ တင်ပြီးလို့ရှိရင် အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်အဖြစ်နိုင်ဆုံးအချိန်ကာလမှာ အမြန်ဆုံးလုပ်ပေးပါ လို့ တောင်းဆိုချင်ပါတယ်ရှင့်။

**ဦးတင်ငွေ(ဒုတိယဝန်ကြီးဌာန၊ မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေဖွံ့ဖြိုးရေးဝန်ကြီးဌာန)** ။ ။ ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ ကတိပြုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အရောင်းအဝယ်စနစ်တွင် နိုင်ငံတကာစံနှုန်းနှင့်အညီ ကုန်ပစ္စည်းအမျိုးအမည်လိုက်၍ စံအလေး၊ စံယူနစ်တစ်ခုတည်းသော အသုံးအနှုန်းကို ဥပဒေပြဌာန်းပေးရန်နှင့်စပ်လျဥ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဌ**။ ။ ဆက်လက်ပြီး ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် မေးမြန်းဖို့ ဖြစ်ပါ တယ်။

**ဦးအေးနိုင်(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဌ ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ ဆန္ဒပြုနှုတ်ခွန်းဆက် သဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးနိုင်ဖြစ်ပါတယ်။ ကျွန်တော်မေးမဲ့မေးခွန်းမှာ အရောင်းအဝယ်စနစ်တွင် နိုင်ငံ တကာစံနှုန်းနှင့်အညီ ကုန်ပစ္စည်းအမျိုးအမည်လိုက်၍ စံလေးစံယူနစ်တစ်ခုတည်းသော အသုံးအနှုန်း ကို ဥပဒေပြဌာန်းပေးနိုင်ပါရန်နှင့်စပ်လျဥ်း၍ မေးခွန်းမေးမြန်းခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဌကြီးခင်ဗျား။ မကြာမီနိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာမည် ဖြစ်ပါ၍ ကျွန်တော်တို့ ကြုံဆိုရမည်ဖြစ်ပါသည်။ သို့ပါသောကြောင့်ပြည်တွင်း SME များနှင့် လုပ်ငန်း ရှင်များ၊ ကုမ္ပဏီများ၊ Supermarketကြီးများ၊ ကုန်သည်ပွဲစားများ၊ ကုန်စည်ဒိုင်များနှင့် UNFCCI ကုန်သည်အသင်းကြီးနှင့် NGO အဖွဲ့များအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ နိုးကြားနေရမည်ဟု ကျွန်တော်ယူဆမိပါသည်။ ကြိုတင်ပြင်ဆင်မှုများအနက်မှ ကျွန်တော်တို့နိုင်ငံအတွင်းနေ့စဥ်နှင့်အမျ

တွေ့ထိလုပ်ကိုင်နေသော အလေးချိန်ခွင်၊ အရောင်းအဝယ်အတိုင်းအတာ အရေအတွက်များကို နိုင်ငံတကာစံချိန်စံညွှန်းမီသော စံယူနစ်တစ်ခုသို့သုံးစွဲရန် အထူးလိုအပ်မယ်လို့ထင်မြင်မိပါတယ်။ ကျွန်တော်တို့နိုင်ငံအတွင်းသတ်မှတ်ပြဋ္ဌာန်းထားသော စံကိုက်အလေး၊ စံကိုက်ချိန်ခွင်၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် UNFCCI က ဒီစံကိုက်အလေးနှင့် အချိန်ကိုကြပ်မတ်ဆောင်ရွက်နေတာကိုလည်း ယနေ့တွေ့ရှိနေရပါတယ်။ သို့သော်လည်းပဲ မြန်မာတစ်နိုင်ငံလုံး အရောင်းအဝယ်စနစ်မှာ တစ်သမတ်တည်းမဖြစ်ဘဲ နေရာဒေသကိုလိုက်၍လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည်ကိုလည်းကောင်း၊ ယခင်ရှေးရိုးအစဉ်အလာဖြင့် နိုင်ငံတကာစံနှုန်းနှင့်မညီညွတ်သော တင်း၊ တောင်း၊ ပုဒ်၊ အိတ်၊ အိုး၊ ပုလင်း၊ ဗူး၊ ခွက်၊ ဆွဲကြိမ်နှင့်ဓါတ်ခဲအမျိုးမျိုးကိုအကြောင်းပြု အမျိုးမျိုးဖြင့်ချိန်တွယ်နေကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုအရေအတွက်တူတန်ဖိုးချင်းမတူသော စံချိန်းစံညွှန်းမရှိသော အချိန်အတွယ်များကို လမ်းလျှောက်ပွဲစားမှသည် နိုင်ငံတကာ Export လုပ်နေသော ကုမ္ပဏီများအထိ အဆင့်ဆင့်ချိန်တွယ်ပုံအခေါ်အဝေါ်များဒေသအလိုက် မြို့နယ်အလိုက် ပုံစံအမျိုးအမည်လိုက်၍ ကွဲပြားနေတာဟာ ယနေ့အထိရှိနေသုံးစွဲနေခြင်းဖြင့် နိုင်ငံတကာ၏အရောင်းအဝယ်စနစ်ကို အဟန့်အတားဖြစ်စေသည့်အပြင် မမှန်မကန်ဆောင်ရွက်နေတာတွေကိုလည်းကောင်း၊ လည်သလိုလုပ်နေသည်ကိုလည်းကောင်း၊ ဒေသတိုင်းလိုလိုတွေ့နေခြင်းဖြင့် ၂၀၁၅ ခုနှစ် AFTA ကိုလည်းကြိုဆိုရာ ရောက်မည်မထင်ပါ။ ဈေးကွက်စီးပွားရေးစနစ်အရ လွတ်လပ်စွာရောင်းဝယ်ခွင့် ပေးသည်မှန်ပါသော်လည်း ဥပဒေစနစ်စည်းကမ်းမရှိလျှင် တစ်နိုင်ငံလုံးတိုးတက်ရန်အကြောင်းမရှိနိုင်ပါ။ အလုပ်မရှိ၍ ကြံဖန်လုပ်နေရာက အကြံအဖန်တွေလုပ်နေကြပါသည်။ လည်သလိုလုပ်ခြင်းသည် တစ်ဦးတစ်ယောက်ကောင်းသာဖြစ်ပါ၍ ထုတ်ကုန်များတွင်လည်း အချိန်အတွယ်အမျိုးမျိုး အလျှော့အမျိုးမျိုးတွေ့နေရပါသည်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနိုင်ငံအတွင်းရောင်းဝယ်နေသည့် အချိန်အတွယ်များမှာ လျှပ်စစ်ကိုကီလိုဝက်နာရီဖြင့်လည်းကောင်း၊ ဆက်သွယ်ရေးတယ်လီဖုန်းကို မိနစ်ဖြင့်လည်းကောင်း၊ သစ်ကိုတန်ဖြင့်လည်းကောင်း၊ မြေကိုဧကဖြင့်လည်းကောင်း၊ ရေကိုကုဗမီတာဖြင့်လည်းကောင်း၊ လီတာဖြင့်လည်းကောင်းအများဆုံး ရောင်းဝယ်ကြသော်လည်း ကွဲပြားမှုရှိနေပါသေးသည်။ စားသောက်ကုန်အမျိုးမျိုးနှင့် Supermarket ကြီးများတွင် Matric စနစ်ဖြစ်သော လီတာ၊ ကီလိုဂရမ်ဖြင့်လည်းကောင်း၊ Digital ကတ္တားများဖြင့်လည်းကောင်း ရောင်းဝယ်ကြပါသည်။ အချို့မြို့ရွာများတွင်ဤသို့မဟုတ်ပါ။

ဥပမာပြောရလျှင် ဆန်စပါးဟာ ပေါင်ဖြင့်လည်းကောင်း၊ တင်းဖြင့်လည်းကောင်း၊ အိတ်ဖြင့်လည်း ကောင်း၊ ပေါင်ဆိုရာတွင် ဆန်တစ်အိတ်လျှင် ၁၀၅ ပေါင်၊ ၁၀၈ ပေါင်ဟူ၍ ကွဲပြားပြီးအချို့နေရာများ တွင် ၁ တင်းခွဲ ၂၄ ပြည်၊ တစ်အိတ်ဈေးနှုန်းဖြင့်လည်းကောင်း အမျိုးမျိုးခေါ်ဝေါ်ကွဲပြားစွာ ရောင်းဝယ် နေကြပါတယ်။ နောက် စားသုံးဆီကိုလည်း ပိဿာ၊ ကျပ်သား၊ အလေးချိန်ဖြင့်လည်းကောင်း၊ ပီပါဖြင့် လည်းကောင်း၊ ပီပါဆိုရာမှာလည်း ကျွန်တော်တို့ ပီပါ ၁ လုံးကို ၁၁၀ ပိဿာ ထည့်တဲ့ဒေသရှိသလို တချို့နေရာမှာ ၁၁၅ ပိဿာ၊ ၁၁၆ ပိဿာ ဒါ ၁ ပီပါဈေးနှုန်းဆိုပြီးတော့ ကျွန်တော်တို့ထည့်နည်း၊ ထည့်တဲ့ပိဿာချိန်မတူညီ တာတွေကိုလည်းတွေ့ရှိရပါတယ်။ စက်သုံးဆီကိုလီတာဖြင့်လည်းကောင်း၊ ဂါလံဖြင့်လည်းကောင်း၊ ပုံးဖြင့်လည်းကောင်း၊ ပီပါဖြင့်လည်းကောင်း၊ ဘောက်ဆာဖြင့်လည်းကောင်း၊ ကားဘောက်ဆာကြီးများတွင် Arrow အမှတ်ဖြင့်လည်းကောင်း၊ ယနေ့စွမ်းအင်ဝန်ကြီးဌာနမှ ယနေ့ ရောင်းပေးနေသည်မှာ ကားဘောက်ဆာအချိန်အတွယ်ဖြင့်ပေး၍ လီတာ၊ ဂါလံငွေကျပ်ဖြင့်လက်လီ ရောင်းနေရပါသည်။ ကျွန်တော်အကြံပေးလိုတာကတော့ လီတာနှင့်ပေး၍ လီတာဖြင့်ရောင်းသင့်ပါ သည်။ ပဲမျိုးစုံများတွင်လည်း ၁တန်ဈေးဖြင့်လည်းကောင်း၊ ရန်ကုန်၊ မန္တလေးတိုင်းကုန်စည်ဒိုင်များတွင် RC တစေ့၊ Raw တစေ့ရောင်းဝယ်နေ၍လည်းကောင်း၊ နယ်မြို့များတွင် တင်းဖြင့်လည်းကောင်း၊ ပိဿာဖြင့်လည်းကောင်း၊ အိတ်ဖြင့်လည်းကောင်း၊ ပိဿာဆိုရာတွင် ပဲတီစိမ်း ၁တင်းကို ၁၉ ပိဿာ၊ အခြားမြို့များတွင် ၂၀ ပိဿာဟူ၍လည်းကောင်း၊ အချို့ကုန်စည်ဒိုင်ကြီးများတွင် ပဲအမျိုးမျိုးကို ပိဿာ ၆၀၊ ၁ အိတ်ဈေး၊ တစ်ချို့ကုန်စည်ဒိုင်များတွင် ၅၇ ပိဿာ၊ ၁ အိတ်ဈေး၊ ၅၆.၂၅ ပိဿာကို ၁ အိတ်ဈေးဖြင့်လည်းကောင်းအချိန်အတွယ် အမျိုးမျိုးခေါ်ဝေါ်ပြောဆိုရောင်းဝယ်နေတာ ဖြစ်တဲ့အပြင် မြေပဲတောင့်ကိုလည်းပေါင်ဖြင့်လည်းကောင်း၊ တင်းချိန်ဖြင့်လည်းကောင်း၊ တင်းဆိုရာတွင်တင်းဆို၌ အမျိုးမျိုး ဖြင့်ချိန်တွယ်နေကြတာတွေ့ရပါတယ်။ အချို့ဝေးလံတဲ့ဒေသများမှာဆို ၁၇ ပြည်၊ ၁၈ ပြည်၊ ၁၉ ပြည်၊ ပြည်၂၀ အဲ့လိုတင်းတောင်းများရှိနေသေးတာကိုလည်း တွေ့ရှိရပါတယ်။ ကျေးလက်ဒေသ မှာနေတဲ့ တောသူတောင်သား တောင်သူလယ်သမားများဟာ သူ့ရဲ့ထုတ်ကုန်ဈေးနှုန်းကို ဈေးပိုရတာ သာသိပြီးတော့ တင်းတောင်းကြီးတာကို သူတို့မသိကြပါ။ တင်းတောင်းဆိုရာတွင်မန္တလေးမှာဆိုရင် မျက်နှာဝလေးထောင့်တင်း အဲ့ဒီဟာကို အရောင်းအဝယ်လုပ်တဲ့အခါမှာ သီးလိန်းကျပေ့ါ။ သစ်သီးလိန်း ကျပေးရပါတယ်။ ဒါကို ကျွန်တော်တို့ မကွေးတို့၊ ဟင်္သာတတို့မှာကြတော့ မျက်နှာဝကို မျက်နှာဝအဝိုင်း နှင့်မုန့်ပေါင်းသဏ္ဍာန်ပေးရပါတယ်။ အရောင်းအဝယ်နည်းစနစ်က ဒီအထက်မှာဖြစ်နေတဲ့ အရောင်း အဝယ်နှင့် ကျွန်တော်တို့အောက်ပြည်အောက်ရွာမှာဖြစ်နေတဲ့ အရောင်းအဝယ် ဟာမတူညီတာကိုတွေ့

ရပါတယ်။ နှမ်းကိုရန်ကုန်၊ မန္တလေးနှင့်မုံရွာ၊ ပခုက္ကူ၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ညောင်ဦးဒေသများတွင် ၁ ပိဿာစျေးနှုန်းဖြင့်လည်းကောင်း၊ ၄၅ ပိဿာ ၁ အိတ်စျေးနှုန်းဖြင့်လည်းကောင်း၊ အရောင်းအဝယ်ဖြစ်နေသော်လည်းမြန်မာနိုင်ငံရဲ့ ဆီအိုးကြီးဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့မှာတော့ သမာဓိတင်းချိန်ဖြင့်လည်းကောင်း၊ ၁၅ ပိဿာ၊ အရိုင်းပိဿာချိန်ဖြင့်လည်းကောင်း၊ ၁၅ ပိဿာ ဇကာသန့်စင်ပြီး ၁ တင်းစျေးနှုန်းဖြင့်လည်းကောင်း၊ အခြားဒေသများနှင့်မတူကွဲပြားစွာ တင်းချိန်ဖြင့်တွင်တွင်ကျယ်ကျယ်ရောင်းဝယ်နေသေးသည်ကို တွေ့နေရပါတယ်။ အထူးပြောပြရရင် တင်းချိန်ကို အချို့ပွဲရုံများတွင်တောင်သူများ ဆီကသိမ်းတာကြတော့ တင်းတစ်မျိုးနှင့် ကုန်သည်ကိုပြန်ရောင်းတော့ တင်းတစ်မျိုးနှင့် ပြန်ပြီးတော့အရောင်းအဝယ်ပြုခြင်းအားဖြင့် ကျွန်တော်တို့ ဒီကုန်သည်ပွဲစားများ၊ အချို့ကုန်သည်ပွဲစားများဟာ **တိတ်ကတ်ဖန်း** ကိုလုပ်ကိုင်နေတာကိုလည်းတွေ့မြင်ကြားသိနေရပါတယ်။ အခြားစိုက်ပျိုးသီးနှံဟူသမျှနှင့် သယံဇာတထုတ်ကုန်ပစ္စည်းများတွင်လည်း အခေါ်အဝေါ်တူ၊ အရေအတွက်တူတန်ဖိုးခြင်းမတူသော အရောင်းအဝယ်စနစ်ကို တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ ဒေသအလိုက် ယနေ့တိုင်ရောင်းဝယ်နေကြတာကိုတွေ့မြင်နေရပါတယ်။ အခြားမွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်ပြီးတော့ ကျွဲ၊ နွား၊ မြင်း၊ မြည်း၊ ဝက်များကိုလည်းပဲ တစ်နိုင်ငံလုံးမှာ အလှမွေးရန်နှင့် လုပ်ငန်းအတွက်ခိုင်းစေရန် မျက်မြင်ကြိုက်ရောင်း၊ ကြိုက်ဝယ်စနစ်ဆိုတာ မှန်ကန်တယ်လို့ထင်ရပေမယ့်လို့ အသားစျေးဖြင့်ရောင်းလိုပါက မချိန်တွယ်ဘဲ မျက်မြင်ရောင်းဝယ်ခြင်းဖြင့် မွေးမြူရေးသမားများအတွက် အမြဲနစ်နာနေရပါတယ်။ ဒါပေမယ့်လို့ မွေးမြူရေးသမားများအနေနဲ့ကတော့ သူတို့ရဲ့ တိရစ္ဆာန်အစားအစာ ကုန်ကြမ်းကိုတော့ အလေးချိန်ခွင့်နှင့်ဝယ်ယူနေရပါတယ်။ ကြက်၊ ဘဲ၊ ငါး၊ ပုဇွန်များကို မွေးမြူရာတွင် အရှုံးအမြတ်ကိုသိရသော်လည်း ဝက်တို့၊ နွားတို့၊ ကျွဲတို့ကိုမွေးတဲ့အခါမှာ အရှုံးအမြတ်ဆိုတာ မသိနိုင်ပါဘူး။ အမြဲဝယ်နေတဲ့ အသားအဖြစ်ရောင်းစားမဲ့ အမြဲဝယ်နေတဲ့ ကုန်သည်များကတော့ ကိုယ့်အတွက်ကျန်မှ အမြတ်အစွန်းရမှ ဝယ်ခြင်းသာဖြစ်ပါတယ်။ ကျွန်တော်တို့ တောင်သူလယ်သမားများကတော့ ကိုယ့်အိမ်မှာ မွေးထားတဲ့တိရစ္ဆာန်တွေကို ခုနကကျွဲ၊ နွား၊ ဝက်တွေကို အရေးတကြီးပိုက်ဆံလိုမှသာ ရောင်းတဲ့အတွက်နစ်နစ်မှုတွေ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် နွားပွဲစျေးများတွင် ဆန်ကတ္တားကြီးများဖြင့် ချိန်တွယ်ရောင်းဝယ်နိုင်ပါက တောင်သူလယ်သမားများနစ်နာမှုကို လျော့နည်းသွားမည်ဟု အကြံပြုလိုပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အိန္ဒိယနိုင်ငံတွင်တစ်ချိန်က အရောင်းအဝယ်အလေးချိန်စနစ်ကို အမျိုးမျိုးသုံးစွဲနေရာမှ စံယူနစ်တစ်ခုတည်းကိုသာ ပြောင်းလဲသုံးစွဲလိုက်ခြင်းကြောင့် နိုင်ငံတော်ဖွံ့ဖြိုး

တိုးတက်မှု တစ်ချိန်တိုးမြင့်လာသည်ကိုအကြောင်းပြုခြင်းအားဖြင့် နိုင်ငံတစ်နိုင်ငံ၏ GDP တိုးတက်ရန်နှင့်စံချိန်စံညွှန်းမှန်ကန်ရန်စံယူနစ်တစ်ခုအပေါ် အခေါ်အဝေါ်တစ်ခုတည်းကို ပစ္စည်းအမျိုးအမည်ကိုလိုက်၍ ဥပဒေပြုနိုင်မှသာ စံချိန်စံညွှန်းဆိုတာဖြစ်လာမည်ဖြစ်ပြီး တစ်နိုင်ငံလုံးတစ်ပြေးညီ တိုးတက်လာမည့်အပြင် တောင်သူလယ်သမားများ၏ ဆင်းရဲမွဲတေမှုလျှော့ချရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ပါသည်။ သို့ကြောင့် ကျွန်တော်မေးလိုသည့်မေးခွန်းမှာ မေးခွန်း(၁)အရောင်းအဝယ်စနစ်တွင်နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ကုန်ပစ္စည်းအမျိုးအမည်လိုက်၍ စံအလေး၊ စံယူနစ်တစ်ခုတည်းသော အသုံးအနှုန်းကိုနိုင်ငံတော်မှ မည်ကဲ့သို့ ဥပဒေပြဋ္ဌာန်းပေးပါမည်နည်း။ မေးခွန်း(၂) ဥပဒေပြဋ္ဌာန်းထားပါက ဥပဒေစည်းမျဉ်းစည်းကမ်းကို လိုက်နာမှုရှိ/မရှိနှင့် လိုက်နာမှုမရှိလျှင် မည်ကဲ့သို့စီမံကွပ်ကဲဆောင်ရွက်မည်ကိုသိလိုပါ၍ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။ ကျွန်တော်ကတော့စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်းဖြစ်ပါတယ်။ ဆင်ပေါင်ဝဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအေးနိုင်ရဲ့မေးခွန်းအပေါ်ဖြေကြားရန် ပထမဦးဆုံးအနေနဲ့ မြန်မာနိုင်ငံရဲ့အလေး၊ တင်းတောင်း၊ အချိန်အတွယ်နှင့်ပတ်သက်တဲ့ တည်ဆဲအက်ဥပဒေ ၃ ခုအကြောင်း အနည်းငယ်ရှင်းပြလိုပါတယ်။ အဲ့ဒါတွေကတော့ မြန်မာနိုင်ငံမှာ ၁၈၇၁ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်နေ့မှာ အတည်ပြုခဲ့တဲ့ အိန္ဒိယအက်ဥပဒေအမှတ်-၃၁၊ ၁၈၇၁ ခုနှစ်The Weights and Measures of Capacity Act ဆိုသောပမာဏ၏ အလေးချိန်များနှင့်အချိန်အတွယ်ဆိုင်ရာအက်ဥပဒေမှာ တင်းမှန်၊ ခွဲ၊ စိပ်၊ ပြည်၊ စလယ်၊ ဂါလန်တို့နဲ့ပတ်သက်၍လည်းကောင်း၊ ၁၈၈၉ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ အိန္ဒိယအက်ဥပဒေအမှတ် (၂) ၁၈၈၉ ခုနှစ် The Measures of Length Act အရှည်တိုင်းတာခြင်းဆိုင်ရာအက်ဥပဒမှာ စံကိုက်၊ စံပေ၊ စံလက်မတို့နဲ့ပတ်သက်၍လည်းကောင်း၊

၁၉၃၉ ခုနှစ်၊ မတ်လ ၄ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းတဲ့ မြန်မာနိုင်ငံအက်ဥပဒေအမှတ်(၁) ၁၉၃၉ ခုနှစ် The Measuring Basket Standardization Act တင်းတောင်းစံပမာဏအက်ဥပဒေမှာ တင်းမှန်၊ ခွဲ၊ စိပ်၊ ပြည်၊ စလယ်၊ ဂါလန်တို့နဲ့ပတ်သက်၍လည်းကောင်း အဓိပ္ပာယ်ဖော်ပြချက်၊ ဥပဒေဆိုင်ရာအခြားဖော်ပြချက်နှင့် ပြစ်မှုပြစ်ဒဏ်များကိုဖော်ပြထားပါတယ်။

အလေး၊ အချိန်အတွယ်တင်းတောင်းနှင့် အတိုင်းအတာများဆိုင်ရာနဲ့ပတ်သက်လို့ ရာဇသတ်ကြီးဥပဒေရဲ့ ပုဒ်မ ၂၆၄ မှာမမှန်သာ အချိန်အတွယ်ကိရိယာကို လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်သုံးခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ပုဒ်မ ၂၆၅ မှာ မမှန်သော အလေးတင်းတောင်းကိုသော်လည်းကောင်း၊ အတိုင်းအတာကိုသော်လည်းကောင်း၊ လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်သုံးခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ပုဒ်မ ၂၆၆ မှာ မမှန်သောအလေးတင်းတောင်းအတိုင်းအတာကို လက်ရှိထားခြင်းကိုသော်လည်းကောင်း၊ ပုဒ်မ ၂၆၇ မှာမမှန်သောအလေးတင်းတောင်းအတိုင်းအတာကိုလုပ်ကိုင်ခြင်း သို့တည်းမဟုတ် ရောင်းခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ကျူးလွန်သည့် ပြစ်မှုအလိုက်ငွေဒဏ်၊ ထောင်ဒဏ်များကို သတ်မှတ်ပြဋ္ဌာန်းထားကြောင်းတွေ့ရှိရပါတယ်။ ဒါ့အပြင် အချိန်အတွယ်၊ အတိုင်းအတာများပြောင်းလဲလာမှု အခြေခံအချက်အလက်များကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ Unit များဆိုင်ရာစနစ်တွေကို ယခင်က ကမ္ဘာ့နိုင်ငံအသီးသီးမှာ Foot-Pound-Second System (FPS) (British) စနစ်ဖြင့် အသုံးပြုကြရာမှာ အရှည် (length) ကိုပေဖြင့်လည်းကောင်း၊ အလေးချိန် (Mass) ကိုပေါင်ဖြင့်လည်းကောင်း၊ အချိန် (Time) ကို စက္ကန့်နှင့်လည်းကောင်း တိုင်းတာခဲ့ပါတယ်။ ပြီးတော့ ၁၈၇၄ ခုနှစ်မှာ British Association for the Advancement of Science Centimeter-Gram-Second System (CGS) စနစ်ခေါ်(Metric) စနစ်ဖြစ်တဲ့အရှည် (length) ကို စင်တီမီတာဖြင့်လည်းကောင်း၊ အလေးချိန်(Mass) ကိုဂရမ်ဖြင့်လည်းကောင်း၊ အချိန် (Time) ကိုစက္ကန့်ဖြင့်လည်းကောင်း တိုင်းတာတဲ့စနစ်ကို စတင်မိတ်ဆက်ခဲ့ပါ တယ်။

၁၈၈၉ ခုနှစ်မှာ ထပ်မံ၍ Meter, Kilogram, Second (MKS) စနစ်ကိုဖန်တီးခဲ့ရာ အရှည် (length) ကိုမီတာအဖြစ်လည်းကောင်း၊ အလေးချိန် (Mass) ကိုကီလိုဂရမ်ဖြင့်လည်းကောင်း၊ အချိန်ကိုစက္ကန့်ဖြင့်လည်းကောင်း တိုင်းတာလာခဲ့ကြပါတယ်။ ၁၉၆၀ ခုနှစ်မှာတော့ the Eleventh General Conference on Weights and Measures မှယူနစ်များဆိုင်ရာ နိုင်ငံတကာစနစ် International System of Units (SI System)ကို ချမှတ်ပြီးတော့ကျင့်သုံးခဲ့ကြပါတယ်။ ယနေ့ခေတ်မှာ အတိုင်းအတာစနစ်များအားလုံးရဲ့နေရာမှာ SI Systemကို အစားထိုးသုံးစွဲနေကြပြီးတော့ SI

System ဟာ MKS System ကိုထပ်မံချဲ့ထွင်ထားခြင်းဖြစ်ကြောင်းကိုတွေ့ရှိရမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ လက်ရှိအချိန်မှာ လက်ရှိယှဉ်တွဲကျင့်သုံးနေတဲ့ တိုင်းတာမှုများကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

(က) ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက ကျင့်သုံးခဲ့တဲ့ ပြည်၊ တင်း၊ တောင်း၊ ပိဿာ၊ ကျပ်သား စသည့် ရှေးရိုးအစဉ်အလာစနစ်၊

(ခ) အိန္ဒိယနိုင်ငံနဲ့ တွဲဖက်အုပ်ချုပ်ရာမှာ စတင်ကျင့်သုံးခဲ့တဲ့ လက်မ၊ ပေ၊ ကိုက်၊ မိုင်၊ ဂါလံ စတဲ့ အင်္ဂလိပ်တိုင်းတာမှုစနစ်၊

(ဂ) ယနေ့ကာလကုန်တိုက်များနဲ့ ထုတ်ပိုးပြီးကုန်စည်များမှာ သုံးတဲ့ လီတာ၊ ကီလိုဂရမ်၊ Metric ၊ တန် စတဲ့ Metric စနစ်အစရှိသည့် အခေါ်အဝေါ်ယူနစ်များစသဖြင့် ရောနှောနေတာကိုတွေ့ရမှာ ဖြစ်ပါတယ်။

ထိုသို့တိုင်းတာမှုစနစ်များ တွဲဖက်သုံးစွဲနေတဲ့အတွက် လေ့လာစမ်းစစ်တွေ့ရှိရတဲ့ အခက်အခဲတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။ ရှေးရိုးမြန်မာအလေးချိန်စနစ်မှာ ဆတိုးကိန်း တစ်သမတ်တည်းမရှိသဖြင့် တွက်ချက်ရာမှာလွယ်ကူမှုမရှိခြင်း၊ တစ်နိုင်ငံထဲတွင်ဖြစ်သော်လည်း ဒေသအလိုက်ရေတွက်ပုံကွဲလွဲခြင်း၊ ထုထည်တူသောကုန်စည်အမျိုးမျိုး၏ အလေးချိန်မတူညီခြင်း၊ ထုထည်တူသောကုန်စည်တစ်မျိုးတည်းတွင် အလေးချိန်မတူညီနိုင်ခြင်း၊ အလျား၊ မြေဧရိယာ၊ ဒြပ်ထုအချိန်အဝင်များအား အင်္ဂလိပ်စနစ်ကိုဆက်လက်သုံးစွဲနေခြင်း။

နိုင်ငံတကာနဲ့ကုန်သွယ်ရာမှာလည်း ကြုံတွေ့ရတဲ့အခက်အခဲတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ ကူးသန်းရောင်းဝယ်ရာမှာ မိမိတို့နိုင်ငံရဲ့တိုင်းတာမှုစနစ်အနေနဲ့ တစ်သမတ်တည်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ယူနစ်ပြောင်းတန်ဖိုးများနဲ့ ပြန်လည်တွက်ချက်ရတဲ့အတွက် ရောင်းဝယ်ဖောက်ကားရာမှာ ရှင်းလင်းလွယ်ကူမှုမရှိဘဲ အချိန်နဲ့လူအင်အားသုံးစွဲရခြင်း၊ ပြည်တွင်းသုံးယူနစ်ဖြင့် ဝယ်ယူထားသောထုတ်ကုန်များကို ပြည်ပတင်ပို့ရန် Metric စနစ်နဲ့ ပြန်လည်ထုတ်ပိုးချိန်တွယ်ရခြင်း၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသတည်ထောင်ရာမှာ အဖွဲ့ဝင်နိုင်ငံများအားပြဋ္ဌာန်းရန် သဘောတူထားတဲ့နည်းဥပဒေများမှာ Metric စနစ်ကိုသာအသုံးပြုထားခြင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ တစ်နယ်နှင့်တစ်နယ် ကုန်သွယ်စီးပွားဆက်သွယ်ရာမှာ သတ်မှတ်ချက်များ၊ စာလုံးများမတူညီပါက ကုန်သွယ်ရေးမှာမျှတမှုမရှိခြင်း၊ ရောင်းဝယ်ရာမှာ အသိအမှတ်ပြုလောက်တဲ့ ကုမ္ပဏီများ

က အာမခံထုတ်လုပ်တဲ့ အချိန်အတွယ်၊ အတိုင်းအတာကိရိယာများကို အသုံးပြုမှုအားနည်းတဲ့အတွက်ကြောင့်မို့လို့ ကုန်သွယ်ဘက်နိုင်ငံက မိမိတို့နိုင်ငံရဲ့ချိန်တွယ်ထုတ်ပိုးမှုကို အသိအမှတ်မပြုဘဲ ပြန်လည်စစ်ဆေးတဲ့အခါမှာ အချိန်နဲ့ငွေကြေး၊ ကုန်ကျမှုပိုမိုများပြားလာခြင်းစတဲ့ အခက်အခဲများကိုတွေ့ရှိရမှာဖြစ်ပါတယ်။ ယခုအခါမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးဟာ အတိုင်းအတာတွေကို မီတာ၊ ကီလိုဂရမ်ဖြင့်သာ အခြေခံ၍ တိုင်းတာမှုပြုနေကြပြီဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ မြန်မာနိုင်ငံမှာ ယနေ့အများစုကျင့်သုံးလျက်ရှိတဲ့ Foot, Pound, Second (FPS) စနစ်နဲ့ Centimeter, Gran, Second (CGS) စနစ်များကိုပယ်ဖျက်ပြီးတော့ နိုင်ငံတကာမှာ အသုံးပြုနေတဲ့ SI System ကို ပြောင်းလဲကျင့်သုံးရေးကို ဦးတည်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာလည်း မြန်မာနိုင်ငံရဲ့အဓိကပုဂ္ဂိုလ်များဖြစ်တဲ့ ဆန်၊ ပဲ၊ ပြောင်း၊ လယ်ယာထွက်ကုန်ပစ္စည်းကိရိယာများကို တင်ပို့ရာမှာ ကီလိုဂရမ်ကို အခြေခံတိုင်းတာတွက်ချက်ပြီးတော့ တင်ပို့လျက်ရှိပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးထုတ်လုပ်သူများ၊ ရောင်းချသူများအပါအဝင် တစ်နိုင်ငံလုံးမှ SI System ကို တွင်တွင်ကျယ်ကျယ်လိုက်ပါပြောင်းလဲကျင့်သုံးနိုင်ရေး ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ သီးနှံ့ကဏ္ဍဆိုင်ရာအသင်းအဖွဲ့များ၊ တစ်နိုင်ငံလုံးမှာ ရှိတဲ့ကုန်စည်ဒိုင်များ၊ ကုန်သွယ်လုပ်ငန်းရှင်များနဲ့ပူးပေါင်းပြီးတော့ အစဉ်အလာနဲ့လက်ရှိအခြေအနေကို မပျက်ယွင်းစေဘဲ ခေတ်နဲ့အညီ နိုင်ငံတကာစံနှုန်းမီသည့် ဖွံ့ဖြိုးတိုးတက်သော လက်ကားကုန်စည်ဒိုင်များ တိုးတက်ဖြစ်ထွန်းရေးစားပွဲဝိုင်းဆွေးနွေးပွဲများကို ၂၀၀၈ ခုနှစ် မတ်လမှာ စတင်ပြုလုပ်ခဲ့ပြီးနောက် ကုန်စည်ဒိုင်အလုပ်ရုံဆွေးနွေးပွဲများကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ ယခုအချိန်အထိ (၈) ကြိမ်မြောက်ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲတွေကနေပြီးတော့ အလေး၊ တင်းတောင်း၊ အချိန်အတွယ်နဲ့ပတ်သက်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တစ်ပြေးညီဖြစ်စေရေးအတွက် ဆုံးဖြတ်ချက်များအပါအဝင် ကုန်စည်ဒိုင်များ တိုးတက်ဖြစ်ထွန်းရေး၊ စည်းစနစ်တကျရောင်းဝယ်ဖောက်ကားရေး၊ ဈေးနှုန်းမှန်ကန်ရေးနဲ့ အရည်အသွေးမှန်ကန်ရေးကိစ္စများပေါ်မှာ ဆုံးဖြတ်ချက်များစွာ ချမှတ်ထားပြီးဖြစ်ပါတယ်။ ဒီဆုံးဖြတ်ချက်များအပေါ် ကုန်စည်ဒိုင်များ၊ ကုန်သွယ်ပွဲစားများမှ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် အသင်းအဖွဲ့များအလိုက်လည်း တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခင်က အလေး၊ တင်တောင်း၊ အချိန်အတွယ်နဲ့ အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ချက်တွေကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ပေမယ့် ယခုအချိန်မှာတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ဦးစီးဦးဆောင်ပြုဆောင်ရွက်လျက်ရှိပါတယ်။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနကလည်း

အလေးချိန်အတိုင်းအတာနဲ့ပတ်သက်၍ နိုင်ငံတကာသုံးစနစ်သို့ ပြောင်းလဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ယခင် ဗဟိုသုတေသနဌာနလက်အောက်မှာရှိတဲ့ စံသတ်မှတ်ရေးဌာနဟာ Metric စနစ်ပြောင်းလဲရေးအတွက် ၁၉၇၀ ခုနှစ်ကျော်များက သုတေသနအဖွဲ့ဖွဲ့၍ လေ့လာခဲ့ပြီး အဲ့ဒီအချိန်မှာ ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံပိုင်လုပ်ငန်းများအားလုံးကို Metric စနစ်ပြောင်းလဲရာမှာ ကုန်ကျမယ့်စရိတ်တွေကို ခန့်မှန်းတွက်ချက်တင်ပြခဲ့ပါတယ်။ မလွဲမသွေဆောင်ရွက်သင့်တဲ့လုပ်ငန်းဖြစ်တဲ့အတွက် စက်မှုလုပ်ငန်းများ မဖွံ့ဖြိုးမီကတည်းက ဆောင်ရွက်ထားပါမှအသားကျပြီးတော့ ကုန်ကျစရိတ်ပိုမိုသက်သာမှာဖြစ်ကြောင်း ကူးပြောင်းမှုကာလ ၁၀ နှစ်ကြာသတ်မှတ်ကြေညာ၍ ဆောင်ရွက်သင့်ကြောင်း အစီရင်ခံခဲ့ပြီးတော့ အလေးချိန်နဲ့အတိုင်းအတာများအရေးယူဆောင်ရွက်မှုအက်ဥပဒေမူကြမ်းကို ပြုစုခဲ့ကြောင်းသိရှိရပါတယ်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန စံသတ်မှတ်ရေးဌာနဟာ အင်္ဂလိပ်ခေတ်က ပြဋ္ဌာန်းခဲ့သော အလေး၊ တင်းတောင်းဆိုင်ရာဥပဒေများ ခေတ်မမီတော့ခြင်း၊ သိပ္ပံနည်းကျမဖြစ်ခြင်း၊ ဌာနဖွဲ့စည်းပုံများပြောင်းလဲသွားပြီဖြစ်၍ တိကျစွာအရေးယူဆောင်ရွက်မည့်ဌာနများ မရှိတော့ခြင်းကြောင့် ၂၀၀၇ ခုနှစ်မှာ အာဆီယံ နယူးဇီလန် အကူအညီပေးရေးအစီအစဉ်နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အခါမှာ နယူးဇီလန်က ကျွမ်းကျင်သူတစ်ဦး မြန်မာနိုင်ငံသို့ စစ်တမ်းကောက်ယူခဲ့ပြီး ဥပဒေအရ တိကျစွာတိုင်းတာမှုနည်းပညာဆိုင်ရာဥပဒေ Legal Metrology Law မူကြမ်းကို ကျွမ်းကျင်သူက တင်ပြခဲ့ပါတယ်။ အဲ့ဒီအမှုတွေမှာ အသေးစိတ်အချက်အလက်များပါဝင်ပြီး အရေးယူဆောင်ရွက်ရမယ့်ဌာနများ၊ ကျယ်ပြန့်များပြားတဲ့အတွက်ကြောင့်မို့လို့ မြန်မာနိုင်ငံမှာ လက်ရှိကျင့်သုံးနေတဲ့ အခြားဥပဒေများနဲ့ ကိုက်ညီအောင် ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနမှာ ၂၀၁၂ ခုနှစ် ဇူလိုင်လမှ ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်း ဝန်ကြီးဌာနအသီးသီးနဲ့ အစိုးရ မဟုတ်သည့်ပါဝင်သော စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေနဲ့ တိကျတိုင်းတာမှုဆိုင်ရာနည်းဥပဒေများ ပြဋ္ဌာန်းရေးညှိနှိုင်းအစည်းအဝေး ၄ ကြိမ်ပြုလုပ်ခဲ့ရာဥပဒေအရတိကျစွာတိုင်းတာမှုနည်းပညာဥပဒေ ပထမမူကြမ်းရဲ့ အင်္ဂလိပ်ဘာသာနဲ့ မြန်မာဘာသာတို့ကို အရေးယူစစ်ဆေးမှုပြုလုပ်နိုင်မယ့် အရင်းအမြစ်ရှိသောဌာနအဖွဲ့အစည်းထံမှ သဘောထားမှတ်ချက်များ တောင်းခံခဲ့ပြီးဖြစ်ပါတယ်။ တိကျတိုင်းတာမှုနည်းပညာဥပဒေအရ ပိုမိုပြည့်စုံသော SI Unit ကိုတရားဝင်အဖြစ်ကြေညာရမှာ ဖြစ်ပါတယ်။ အခြားနိုင်ငံဥပဒေများကဲ့သို့ SI Unit နဲ့လက်ရှိရှေးရိုးတိုင်းတာမှုစနစ်များကို တိကျတဲ့ ပြောင်လဲမှု Convention များနဲ့ ပူးတွဲအသုံးပြုသွားရမှာဖြစ်ပြီးတော့ အများပြည်သူများဟာ ပညာပေးမှုပြုလုပ်၍ ကျင့်သားရလာတဲ့

အချိန်မှာ Metric စနစ်သို့ပြောင်းလဲကျင့်သုံးရမှာဖြစ်လို့ လုပ်ငန်းနယ်ပယ်အသီးသီးမှာလည်း ယခုက တည်းက Metric စနစ်နဲ့ပြောင်းလဲကျင့်သုံး ထုတ်လုပ်ရောင်းဝယ်သွားကြရန်လိုအပ်ပါတယ်။ ဒါ့အပြင် ဥပဒေအတည်ပြုပြီးပါက ချိန်တွယ်တိုင်းတာကိရိယာတွေကို စံချိန်စံညွှန်းမကိုက်အောင် မသမာမှုများ ပြုလုပ်ခြင်းမရှိစေဖို့ ပညာပေးပြီးတော့ နောက်ပိုင်းမှာတော့ စံချိန်စံညွှန်းကိုက်ထုတ်လုပ်မှုရှိ/မရှိ ကြီးကြပ်စစ်ဆေးမှုများပါဝင်လာမှာဖြစ်ပါတယ်။ ချိန်တွယ်တိုင်းတာ ကိရိယာများ၊ ကတ္တားများ၊ ပေါင်ချိန်စက်များ အလေး၊ တင်းတောင်းစခါများကို မသမာမှုများမရှိစေရေး အတွက် အသုံးပြုချိန် တွယ်တဲ့ ချိန်တွယ်ကိရိယာများကို ထုတ်လုပ်သူများ၊ သုံးစွဲသူများနဲ့စပ်လျဉ်းတဲ့ သတ်မှတ်ချက်များ လည်း ပါဝင်လာမှာဖြစ်ပါတယ်။ နိုင်ငံတကာ Metric Convention နဲ့ချိတ်ဆက် လက်မှတ်တိုးနိုင်ရန် အမျိုးသားတိကျတိုင်းတာမှုဌာန ထူထောင်ရမှာဖြစ်ပြီးတော့ ဥပဒေအရ ကြီးကြပ်အရေးယူရေးအတွက် လိုအပ်တဲ့စံအလေးချိန်၊ စံယူနစ်များ၊ စံကိုက်ကိရိယာတွေကို ဝယ်ယူစုဆောင်းမှုနဲ့ စစ်ဆေးရေးအရာရှိ တွေကိုလည်း သိပ္ပံနည်းကျတိုင်းတာနည်းများ လေ့ကျင့်သင်ကြားပေးဖို့ အချိန်နှင့်ကုန်ကျစရိတ်များ လိုအပ်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် Metric စနစ်ဟာ ချက်ချင်းပြောင်းလဲတာထက်ကို တဖြည်းဖြည်းနဲ့ စနစ်တကျပြောင်းလဲမှုမျိုးနဲ့ နိုင်ငံအများစုဟာ ပြောင်းလဲခဲ့ကြောင်းကိုတွေ့ရှိရပါတယ်။ ထို့ကြောင့် SI Unit ကိုတရားဝင်ယူနစ်အဖြစ်ကြေညာပြီး Metric စနစ်ဖြင့် ပြောင်းလဲကျင့်သုံးမယ့် ဥပမာဖြစ်တဲ့ တိကျတိုင်းတာမှုနည်းပညာဥပဒေမူကြမ်းကို ပြုစုနေပါကြောင်းနဲ့ အဲ့ဒီဥပဒေအတည်ပြုပြီးပါက ပြည်သူများကျင့်သားရလာပြီးတော့ ချောမွေ့စွာပြောင်းလဲနိုင်ဖို့ဆောင်ရွက်နေပါကြောင်း ဥပဒေ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိစေရန် အရေးယူစိစစ်ခြင်းပြုနိုင်မယ့်ဌာနများကို ညှိနှိုင်းနေပါ ကြောင်းနဲ့ စံအလေး၊ စံယူနစ်၊ စံတိုက်ကိရိယာများစုဆောင်းကာ စစ်ဆေးရေးအရာရှိများကို လေ့ကျင့် သင်ကြား၍ Metric စနစ်သို့ပြောင်းလဲရေးအတွက် ပြည်သူလူထုအကြား ပညာပေးဆောင် ရွက်လျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ (သြဘာသံများ)

**စားအုန်းဆီများ ဖြန့်ဖြူးရောင်းချရာတွင် အလေးချိန်လျော့နေခြင်း၊ အရည်အသွေးပြောင်းနေခြင်းတို့ကို အရေးယူရန်အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီးကိုယ်စား အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပြီး အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး၏ ကိုယ်စား မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပမှ သင်္ဘောများဖြင့် တင်သွင်းလာတဲ့ စားအုန်းဆီများကို ဆိပ်ကမ်းမှာ FPA မှ စိစစ်ပြီး အရည်အသွေးကောင်းမွန်ပြီး သက်မှတ်အဆင့်မီမှ သင်္ဘောမှချခွင့်ပြုသည်လို့သိရပါတယ်။ ၎င်းသင်္ဘောမှချခွင့်ရစားအုန်းဆီများကို ဆိပ်ကမ်းဆီသိုလှောင်ကန်ထဲသို့ ပိုက်များနှင့်ထည့်သွင်းသိုလှောင်ရပါတယ်။ သိုလှောင်ကန်ပေါင်း ၇ ကန်ခန့်ရှိသည်ဟုလည်း သိရှိရပါတယ်။ ဆီကန်တစ်ခုမှာ ပိဿာပေါင်း ၄ သောင်းခန့်ဆံ့ကြောင်း ၎င်းကန်များမှ တစ်ပြည်လုံးသို့ ဖြန့်ချိနေရပါတယ်။

ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ၊ ရန်ကုန်မြို့ တချို့ဆီကန်များမှ တစ်ပြည်လုံးရှိ လက်လီလက်ကားဆိုင်များသို့ ဖြန့်ဖြူးရောင်းချရာတွင် တချို့ဆီလှောင်ကန်များသည် ပေပါတစ်လုံးလျှင် အလေးချိန် ၅၀ ကျပ်သား၊ ၇၅ ကျပ်သား၊ ၁ ပိဿာခန့်စသည်တို့ အလေးချိန်လျော့နည်းနေခြင်း၊ တချို့ဆီလှောင်ကန်များမှ စားအုန်းဆီသည် အရောင်အသွေးပြောင်းနေခြင်း၊ အနံ့ဆိုးများထွက်နေခြင်း၊ စည်းသတ်မှတ်ထားသော Cloud Point 8 ထက်အရည်အသွေးလျော့၍ ဆီများကြည်လင်မှုမရှိဘဲ မှုန်နေခြင်း၊ ဆီလှောင်ကန်မှ ထုတ်စအချိန်တွင် ကြည်လင်နေပြီး နှစ်ရက် သုံးရက်ခန့်အကြာတွင် နယ်မြို့များဖြစ်သည့် မန္တလေး၊ မုံရွာ၊ မြင်းခြံ၊ မိတ္ထီလာသို့ရောက်လာသောအခါ စားအုန်းဆီများ မှုန်မိုက်၍ပြစ်ခဲ့နေသည်ကို တွေ့ရခြင်းတို့ကို မန္တလေးအပါအဝင် နယ်မြို့များမှ ဆီလက်လီရောင်းသူများက တင်ပြလာခဲ့ပါတယ်။

ဒီဖြစ်ရပ်တွေကို ရန်ကုန်၊ မန္တလေးရှိ ဆီလက်လီလက်ကားဆိုင်များသို့ စုံစမ်းမေးမြန်းပါကလည်း သိရှိနိုင်ပါတယ်။ ဒီလိုဖြစ်ရပ်မျိုးကို လွန်ခဲ့သော ၅ လ၊ ၆ လ ခန့်က စားအုန်းဆီတင်လာသော သင်္ဘောမှ ဆီကိုနုတ်၍ ရေရောသောဖြစ်ရပ်ဖြစ်ပြီးနောက် ၂၀၁၃ ခုနှစ် ဇူလိုင်၊ ဩဂုတ်လများအတွင်း ထပ်မံဖြစ်ပျက်ခဲ့သောကြောင့် စားသုံးသူများရဲ့ ကျန်းမာရေးကို ပိုမိုဆိုးရွားစေနိုင်ပါတယ်။ သို့ဖြစ်ပါ၍ ဖော်ပြပါဖြစ်ရပ်များဟာ ဆီတင်သွင်းသူကုမ္ပဏီတချို့၏မှားယွင်းမှုလား၊ ဆီကန်ရောက်မှဖြစ်သော မှားယွင်းမှုလား သို့မဟုတ် မျှော်မှန်းမရသော အခြားမှားယွင်းမှုလား စသည်တို့အား သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖော်ထုတ်အရေးယူရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်

ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

[ဦးကိုကြီး၊ အောင်မြေသာစံမဲဆန္ဒနယ် ကိုယ်စား ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်က မေးမြန်းပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး၏မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ပြည်ပမှစားအုန်းဆီများ တင်သွင်းခြင်းကို လွတ်လပ်စွာ စနစ်တကျခွင့်ပြုပေးလျက်ရှိရာမှာ အရည်အသွေးစံချိန်စံညွှန်းများ မှန်ကန်ရေးနဲ့ စည်းစနစ်ကျနစွာ တင်သွင်းရေးကို ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်တွင်းသို့ စားအုန်းဆီများတင်သွင်းရာမှာ ဆီသင်္ဘောများဖြင့် ဆီကန်များထည့်သွင်း၍ In Bulk စနစ်နဲ့ ပင်လယ်ရေကြောင်းမှ အများဆုံးတင်သွင်းပြီး တချို့ကတော့ Flex Bag အိတ်ပျော့များဖြင့်လည်းကောင်း၊ Drum စည်များနဲ့ လည်းကောင်း၊ Jerry Can ပုံးငယ်များ၊ Bottle ပုလင်းများနဲ့လည်းကောင်း တင်သွင်းလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ အဲ့လို တင်သွင်းတဲ့နေရာမှာ ပြည်သူလူထုအနေနဲ့ အရည်အသွေးမြင့် စားသုံးဆီများ အသုံးပြုနိုင်ရေးအတွက် ၂၀၁၁ ခုနှစ် ဩဂုတ်လမှစတင်၍ စားအုန်းဆီအရည်အသွေးကို Cloud Point 10 မှ Cloud Point 8 သို့ ပြောင်းလဲတင်သွင်းစေပြီးတော့ Iodine Value (IV)ကိုလည်း ၅၆ မှ ၅၈ သို့ အဆင့်မြှင့်ပြင်ဆင်သတ်မှတ်တင်သွင်းစေလျက်ရှိပါတယ်။

ပြည်ပမှ စားအုန်းဆီများတင်သွင်းရန်အတွက် လိုင်စင်စတင်လျှောက်ထားရာမှာ ကုန်ရောင်းချတဲ့နိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနမှ သက်သေခံလက်မှတ် Health Certificate နဲ့ စားအုန်းဆီနမူနာကို မြန်မာနိုင်ငံမှာရှိတဲ့ အစားအသောက်နဲ့ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA သို့ပေးပို့စစ်ဆေးပြီးတော့ ခွင့်ပြုထောက်ခံမှသာလျှင် သွင်းကုန်လိုင်စင်ခွင့်ပြု ထုတ်ပေးလျက်ရှိပါတယ်။ ပြည်ပဆိပ်

ကမ်း၌ သင်္ဘောမတင်မီမှာလည်း အသိအမှတ်ပြု အပြည်ပြည်ဆိုင်ရာ ကုန်စည်/ရေကြောင်းစစ်ဆေးရေးအဖွဲ့အစည်းနဲ့ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဌာနတစ်ခုခုမှ လူအများစားသုံးရန်သင့်ကြောင်း Fit for Human Consumption FDA Health Certificate အပါအဝင် အရောင်းအဝယ်စာချုပ်ပါ စံချိန်စံညွှန်းများနဲ့ ကိုက်ညီမှုရှိကြောင်း၊ စစ်ဆေးထောက်ခံချက်များရရှိပြီးမှသာ မြန်မာနိုင်ငံသို့ သင်္ဘောနဲ့တင်ပို့စေပါတယ်။ ရန်ကုန်ဆိပ်ကမ်းကို ဆီသင်္ဘောတွေရောက်ရှိတဲ့အခါမှာတော့ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းကုမ္ပဏီလီမိတက် MITS သို့ Sample နမူနာရယူရန်အတွက် လုပ်ငန်းအပ်နှံ စေပြီးတော့ နမူနာများ စနစ်တကျထုတ်ယူစေပြီးတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန MSTRD နဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA များသို့ တစ်ပြိုင်တည်းပေးပို့စေ၍ ဓာတ်ခွဲအစစ်ဆေးခံပြီးမှ အရည်အသွေး စံချိန်စံညွှန်းမီကြောင်း စစ်ဆေးတွေ့ရှိမှသာ သင်္ဘောပေါ်မှဆီကို ဆီကန်အတွင်းသို့ ထည့်သွင်းစေပါတယ်။ မြန်မာ့ကုန်စည်စစ်ဆေးရေးနဲ့ စမ်းသပ်မှုလုပ်ငန်းလီမိတက်အနေနဲ့ သင်္ဘောမှဆီကန်သို့ဆီကိုမချမီမှာဆီသိုလှောင်မယ့်ကန်ကြီးများ၊ ဆီပိုက်လိုင်းများအတွင်းမှာ စစ်ဆေးဆောင်ရွက်ပြီးတော့ ဆီကန်သို့ ခွင့်ပြုပြီး တင်သွင်းစေလျက်ရှိပါတယ်။ ဆီသိုလှောင်ကန်ထဲကို ထည့်သွင်းထားတဲ့ ဆီအုန်းဆီ၊ စားအုန်းဆီနမူနာတွေကို ကန်အလိုက် ကိုယ်စားပြုရယူပြီးတော့ စုပေါင်းနမူနာ ပြုလုပ်ပြီးတော့မှ သင်္ဘောမှနမူနာနှင့် ဆီသိုလှောင်ကန်မှနမူနာများကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA သို့ ပေးပို့ပြီးတော့ထပ်မံစစ်ဆေးစေပါတယ်။

တင်သွင်းလာတဲ့စားအုန်းဆီတွေကို နမူနာဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနရဲ့ ပြည်သူလူထုစားသုံးရန် သင့်လျော်ကြောင်းထောက်ခံချက်ရရှိမှသာ ပြည်တွင်းသို့ဖြန့်ဖြူးရောင်းချခွင့် ပြုပေးလျက်ရှိပါတယ်။ စားအုန်းဆီသင်္ဘောများရောက်ရှိလာပါက စိစစ်နိုင်ရန်အတွက် အရည်အသွေးစစ်ဆေးရေးအဖွဲ့နဲ့ လက်ခံချယူရေးအဖွဲ့များဖွဲ့စည်းပေးထားပြီး ပြည်သူလူထုစားသုံးရန်မသင့်တဲ့ စားအုန်းဆီများ ဝင်ရောက်လာမှုမရှိအောင် စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအဖွဲ့များအနေနဲ့ သင်္ဘောပေါ်မှစားအုန်းဆီတွေကို သိုလှောင်ကန်ထဲသို့ ထည့်သွင်းခြင်းမပြုမီ အရည်အသွေးစစ်ဆေးခြင်း၊ ထည့်သွင်းနေစဉ်အတွင်းမှာ တန် ၂၀၀ ပြည့်တိုင်း နမူနာရယူစစ်ဆေးခြင်းတွေကို ဆောင်ရွက်လျက်ရှိတဲ့အပြင် ဆီသိုလှောင်ကန်မှ ဈေးကွက်များသို့ ဖြန့်ဖြူးထုတ်ပေးချိန်မှာလည်း သက်ဆိုင်ရာဆီသိုလှောင်ကန်တာဝန်ခံများ၊ ဆီထုတ်လုပ်သူ ကိုယ်စားလှယ်များနှင့် အရည်အသွေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိပါတယ်။

ဆိပ်ကမ်းမှာရောက်ရှိနေပြီး ဆီသင်္ဘောမှာပါတဲ့ ဆီအရည်အသွေးနဲ့ပတ်သက်ပြီး ဆီအနံ့ထွက်ပေါ်ခြင်း၊ ဆီအရည်အသွေးပိုင်းဆိုင်ရာချို့ယွင်းချက်များရှိပါက ဆီလက်ခံချယူခြင်းကို ရပ်ဆိုင်းပြီးတော့ စားအုန်းဆီသင်္ဘောများလက်ခံစစ်ဆေးရေးအဖွဲ့၊ ဆီကန်ပိုင်ရှင်၊ ဆီတင်သွင်းသည့် ကုမ္ပဏီတို့မှ နမူနာရယူ၍ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် MITS မှတစ်ဆင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန FDA သို့ထပ်၍ ပေးပို့စမ်းသပ်စစ်ဆေးစေပါတယ်။ FDA မှ စားသုံးရန်သင့်ကြောင်း ထောက်ခံချက်မရရှိမီကာလအတွင်းမှာ အဲဒီဆီကန်များမှ သိုလှောင်ထားတဲ့ စားအုန်းဆီတွေကို လုံးဝထုတ်ယူဖြန့်ဖြူးခွင့်မပြုတာလည်း ဖြစ်ပါတယ်။ ဆီသိုလှောင်ကန်အတွင်း ရောက်ရှိပြီးတဲ့ ဆီအရည်အသွေးမကောင်းပါကလည်း ပြန်ပြီးတော့ဆီအရည်သွေးကောင်းအောင် ပြန်လည်ပြုပြင်စေလျက်ရှိပါတယ်။

အရည်အသွေးပြည့်ဝတဲ့ စားအုန်းဆီတွေတင်သွင်းနိုင်ဖို့ စားအုန်းဆီတင်သွင်းမှုနှင့် ဖြန့်ဖြူးရေးဆိုင်ရာကိစ္စများ စနစ်တကျဖြစ်ဖို့ ကျန်းမာရေးနှင့်ညီညွတ်သောစားသုံးဆီများ၊ ပြည်သူလူထုထံသို့ စနစ်တကျဖြန့်ဖြူးနိုင်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များမှတာဝန်ရှိသူများ၊ ဆီတင်သွင်းတဲ့ကုမ္ပဏီလုပ်ငန်းရှင်များ၊ ဆီသိုလှောင်ကုမ္ပဏီရှင်များနှင့်ပတ်သက်ပြီးတော့ ၂၀၁၁ ခုနှစ်မှာ အစည်းအဝေး ၁၁ ကြိမ်၊ ၂၀၁၂ ခုနှစ်မှာ အစည်းအဝေး ၁၀ ကြိမ်၊ ၂၀၁၃ ခုနှစ်မှာ အစည်းအဝေး ၅ ကြိမ်ပြုလုပ်ပြီး ညှိနှိုင်းဆောင်ရွက် ပေးလျက်ရှိပါတယ်။ ခုနက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလို အချို့တင်သွင်းလာ သော စားအုန်းဆီများ အရည်အသွေးနိမ့်ကျနေတာကိုလည်း စစ်ဆေးတွေ့ရှိရပါတယ်။ အဲ့လိုစစ်ဆေးတွေ့ရှိတဲ့အခါမှာ သင်္ဘောပေါ်မှာရှိတဲ့ဆီကန်များအနက်မှာ တစ်ခါတရံအချို့ဆီကန်များတွင် ရေခိုးရေငွေ့ ဒါမှမဟုတ် ရေပါဝင်တဲ့လက္ခဏာများတွေ့ရှိရပါက အဲဒီဆီတွေကို သီးခြားဆီကန်ထဲမှာ ချယူ စေပြီးတော့မှ သူတို့ရဲ့အပူပေးတဲ့နစ်နဲ့ ရေကိုအငွေ့ပြန်စေခြင်းနဲ့လည်းကောင်း၊ ဆီနှင့်ရေကိုအလွှာ လိုက်ရှိပြီးတော့ ရေကိုဖယ်ထုတ်တဲ့နည်းဖြင့်လည်းကောင်း၊ သန့်စင်ဆောင်ရွက်ပြီးတော့ နောက်ဆုံးကျန်ရှိတဲ့ စားအုန်းဆီတွေကို FDA သို့ ထပ်မံပေးပို့စစ်ဆေး၍ စားသုံးရန်သင့်ကြောင်း ထောက်ခံချက်ရရှိမှ ဖြန့်ဖြူးစေခဲ့ပါတယ်။ အချို့ဆီတွေကတော့ Cloud Point 8 နှင့် ကိုက်ညီမှုမရှိဘဲနဲ့ ဆီများမှုန်နေခြင်းကို တွေ့ရှိရတဲ့အတွက် ဆီကန်ကိုသီးခြားချယူစေပြီးတော့ သိုလှောင်ကန်များမှာရှိတဲ့ အပူပေးကွိုင် Heating Coin များနဲ့အပူပေးခြင်း၊ အအေးခံခြင်း၊ အနည်ထိုင်စေခြင်းများပြုလုပ်ပြီး တော့ အနည်ဖြစ်နေတဲ့ Stearin များကိုဖယ်ထုတ်သန့်စင်ပြီး သန့်စင်တဲ့စားသုံးဆီ( Olein ) ကို FDA သို့

ထပ်မံပေးပို့စစ်ဆေးပြီးတော့ စားသုံးရန်သင့်ကြောင်း ထောက်ခံချက်ရရှိမှသာ ဖြန့်ဖြူးစေခဲ့ပါ တယ်။ အချို့ဆီများမှာတော့ အရည်အသွေးကွာခြင်းကြောင့် အချဥ်နဲ့ထွက်၍ အမြုပ်များဖြစ်ပေါ် နေတဲ့ဆီများကို ပြည်တွင်းမှာရှိတဲ့ သီးခြားဆီသန့်စက်များကိုပေးပို့၍ ထပ်မံ၍ Refine ပြုလုပ်ပြီးမှရရှိ သောသန့်စင်စေပြီး စားသုံးဆီများကို FDA သို့ ပြန်လည်ပေးပို့စစ်ဆေး၍ စားသုံးရန်သင့်ကြောင်း ထောက်ခံချက်ရရှိမှသာ ဖြန့်ဖြူး စေခဲ့ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများတင်ပြတဲ့အတိုင်းပဲ စားသုံးဆီဟာ ပြည်သူလူထုနေ့စဥ် သုံးစွဲနေ တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အရည်အသွေးပြည့်မီဖို့ အထူးလိုအပ်တဲ့အတွက် တင်သွင်းဖြန့်ဖြူးရာ မှာ အရည်အသွေးစစ်ဆေးတဲ့ လုပ်ငန်းစဥ်များကိုချမှတ်ပြီး တင်းတင်းကြပ်ကြပ်ဆောင်ရွက်ခဲ့ပါတယ်။ သို့ပေမယ့် စားသုံးသူလက်ဝယ်ရောက်နေတဲ့ လက်လီလက်ကားဖြန့်ဖြူးမှုအပိုင်းထိ အရည်အသွေး ကြီးကြပ်ထည့်သွင်းမှု အားနည်းနေတာကိုလည်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့အနေ နဲ့ ပြည်တွင်းမှ စားအုန်းဆီတင်သွင်းသူများ၊ ဆီသိုလှောင်ကန်ပိုင်ရှင်များ၊ ပြည်တွင်းလက်ကားဖြန့်ဖြူး ရောင်းချသူများ၊ လက်လီဖြန့်ဖြူးရောင်းချသူများအားလုံးဟာ မိမိတို့ရဲ့အပိုင်းလိုက် ဆီအရည်အသွေး နဲ့ပတ်သက်၍ တာဝန်ခံဖို့ စနစ်တစ်ခုဖော်ဆောင်သွားဖို့ကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။ တင်သွင်းတဲ့ လူကလည်း တင်သွင်းတဲ့အပိုင်းအလိုက် သတ်မှတ်ထားတဲ့ Quality များပြည့်မီအောင် Distribution အပိုင်းမှာလည်း သတ်မှတ်ထားတဲ့နည်းစနစ်တွေ၊ သတ်မှတ်ထားတဲ့ ထုတ်ပိုးမှုစနစ်တွေနဲ့ နောက်ပိုင်း မှာ တိတိကျကျဆောင်ရွက်သွားအောင် ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆီအရည်အသွေးနဲ့ပတ်သက်လို့ တင်သွင်းတဲ့အပိုင်းမှာ သတ်မှတ်ချက်နဲ့အညီ တင်သွင်းမှုမရှိ တဲ့ ကုမ္ပဏီကို စိစစ်ဖော်ထုတ်ပြီးတော့ ကုမ္ပဏီတာဝန်ရှိသူများကို အမည်ပျက်ကြေညာ မှာဖြစ်ကြောင်း ကိုလည်း အသိပေးထားပြီးဖြစ်ပါတယ်။ ထို့အပြင် စားသုံးသူကာကွယ်ပေးရေးဥပဒေကိုလည်း ရေးဆွဲ ပေးလျက်ရှိပြီးတော့ အဲဒီဥပဒေအတည်ပြုပြီးပါက ပိုမိုထိရောက်တဲ့ အရေးယူဆောင်ရွက်မှုများကို လည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ခုနကတင်ပြတဲ့ ဒီအလေးချိန် ဆီတိုင်ကီထဲကိုထည့်တဲ့အခါမှာ အလေးချိန်မပြည့်မှုနှင့်ပတ်သက်ပြီးတော့ နောက်ပိုင်းမှာကျွန်တော်တို့ ယခုလက်ရှိမှာ Digital Auto Filling Machine နဲ့ တိကျစွာ ချိန်တွယ်ထုတ်ပေးလျက်ရှိပြီးတော့ ထုတ်ပေးတဲ့အခါမှာလည်း ဆီပေပါ ခွံအလွတ်တွေကို ဦးစွာချိန်တွယ်ပြီးမှ ဆီအပြည့်နဲ့ပြန်လည်ချိန်တွယ်ပြီး ကိုယ်စားလှယ်များက လက်ခံ ကျေနပ်ကြောင်း လက်မှတ်ရေးထိုးပြီးမှသာ ထုတ်ပေးတဲ့စနစ်ကို စီစဥ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

ဒါ့ကြောင့်မို့လို့ အရည်အသွေးမှန်ကန်တဲ့ စားအုန်းဆီတင်သွင်း ဖြန့်ဖြူးတဲ့ကိစ္စနဲ့ပတ်သက်၍လုပ်ငန်းများကွင်းဆက်မိမိဆောင်ရွက်နိုင်ရန်၊ ဆီတင်သွင်းသူများ၊ ဆီသိုလှောင်ကန်လုပ် ငန်းရှင်များ၊ လက်ကားရောင်းချသူများ၊ ပညာရှင်များ၊ ဌာနဆိုင်ရာများပါဝင်တဲ့ Working Group ကို အမြန်ဆုံးဖွဲ့စည်းဆောင်ရွက်ပြီးတော့ စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့တင်သွင်းတဲ့အပိုင်းမှာလည်း သတ်မှတ်ထားတဲ့ ဒီထုတ်ပိုးမှုနည်းစနစ်နဲ့ကျင့်သုံးဖို့ ဖြန့်ဖြူးတဲ့အခါမှာလည်း နောက်ဆုံး Consumer Pack တို့ရဲ့ Brand အလိုက် နောက်ပိုင်းဖြန့်ဖြူးမှုကို ရေတိုရေရှည်စီမံချက်များချမှတ်ပြီးဆောင်ရွက်လျက်ရှိကြောင်းကို ကျွန်တော်တို့အနေနဲ့တင်ပြလိုပါတယ်။

ဒါ့ကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး မေးမြန်းထားတဲ့ မေးခွန်းနဲ့ပတ်သက်၍ စားအုန်းဆီများ ပြည်ပမှတင်သွင်းဖြန့်ဖြူးရောင်းချရာမှာ အရည်အသွေးစံချိန်စံညွှန်းနဲ့ကိုက်ညီတဲ့ဆီများ တင်သွင်းဖြန့်ဖြူးရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရည်အသွေး မမီတင်သွင်းလာတဲ့ ကိစ္စများတွေ့ရှိပါက ပြည်သူကိုဖြန့်ဖြူးခွင့်မပြုဘဲ စားသုံးရန်သင့်သည်အထိ ပြုပြင်ပြီးမှသာ ဖြန့်ဖြူးခွင့်ပြုပါကြောင်း၊ ဖြန့်ဖြူးရာမှာလည်း ပိုမိုစနစ်ကျတဲ့ အစီအမံများကိုကဏ္ဍအလိုက် သက်ဆိုင်သူများနဲ့ ညှိနှိုင်းရေးဆွဲ၍ အရေးယူမှုများကို ပြုလုပ်လျက်ရှိပါကြောင်း၊ ယခင် ၂၀၁၂ ခုနှစ် နယ်စပ်ဒေသမှ အသုံးပြုပြီးတဲ့ မြောင်းဆီများဝင်ရောက်လာတာကို ကြားသိရတဲ့အတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ဝင်ရောက်တဲ့လမ်းကြောင်းနဲ့ ဈေးကွက်များအတွင်း စုံစမ်းဖော်ထုတ်အရေးယူ ဟန့်တားနိုင်ခဲ့တဲ့ ဖြစ်စဉ်များရှိခဲ့ပါကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးပါက အများပြည်သူအတွက် ပိုမိုထိရောက်တဲ့ အကာအကွယ်ပေးမှုနဲ့ တားဆီးကာကွယ်မှုများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မအူပင်မြို့နယ်ကျေးရွာများတွင် နေထိုင်သော အိမ်ထောင်စုများသည် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ အတုများဖျက်သိမ်း၍ သန်းခေါင်စာရင်းအသစ် ပြန်လည်ကောက်ယူပေးနိုင်မှုရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မအူပင်မြို့နယ်ကျေးရွာများတွင် နေထိုင်သောအိမ်ထောင်စုများဟာ အိမ်ထောင်စုလူဦးရေစာရင်းဇယားပုံစံ ၆၆/၆ အတုများကိုင်ဆောင်ထားသည့်အတွက် အတုများထုတ်ပေးသော ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအား အရေးယူပေးနိုင်မှုရှိ/မရှိနှင့် ၎င်းအတုများဖျက်သိမ်း၍ သန်းခေါင်စာရင်းအသစ်ပြန်လည်ကောက်ယူပေးနိုင်မှုရှိ/မရှိ သိရှိလိုပါ၍ ဖြေကြားပေးပါရန် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း၏ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်ကျေးရွာများတွင် နေထိုင်ကြသော အိမ်ထောင်စုများသည် အိမ်ထောင်စုလူဦးရေပုံစံ ၆၆/၆ အတုများဖျက်သိမ်း၍ လူဦးရေစာရင်းများ မှန်ကန်မှုရှိနိုင်ရေးအတွက် သန်းခေါင်စာရင်း အသစ်ပြန်လည်ကောက်ယူပေးနိုင်မှုရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုပါရန်လည်း ဒုတိယဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်နှင့်ပတ်သက်၍ မအူပင်မြို့နယ်ကျေးရွာများတွင် လက်ဝယ်ကိုင်တွယ်အသုံးပြုကြသော အိမ်ထောင်စုလူဦးရေစာရင်း (၃)

မျိုးဆိုသည်မှာ မိမိဌာနမှဥပဒေနှင့်အညီ ပုံစံအားဖြင့် ပုံစံ ၆၆/၆ ဟု တရားဝင်သတ်မှတ်ထုတ်ပေးသော အိမ်ထောင်စု လူဦးရေစာရင်း၊ ယခင် (ရယက)လက်ထက်တွင် ကျေးရွာ၏အုပ်ချုပ်ရေးကိစ္စများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ(ရယက)မှ ထုတ်ပေးထားသည့် အရပ်အခေါ် အိမ်ဆွဲစာရင်း ဟုခေါ်သော အိမ်ထောင်စုလူဦးရေစာရင်းနှင့် ယခုအစိုးရသစ်လက်ထက် ကျေးရွာအုပ်ချုပ်ရေးမှူး များမှ ၎င်းတို့၏ ကျေးရွာအုပ်စုအလိုက် ကျေးရွာအုပ်ချုပ်ရေးမှူးတံဆိပ်နှင့် ရုံးတံဆိပ်အဝိုင်းများ ရိုက်နှိပ် လက်မှတ်ထိုး၍ ထုတ်ပေးထားသော လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန၏ အိမ်ထောင်စုစာရင်းနှင့် ပုံစံတူညီသော အိမ်ထောင်စုစာရင်းဖြစ်သည်ကို တွေ့ရှိပါတယ်။

မအူပင်မြို့နယ်တွင် အဆိုပါပုံစံတူအိမ်ထောင်စုစာရင်းများမှာ မြို့ပေါ်ရပ်ကွက်များတွင် ပြုလုပ် ပေးထားခြင်းမရှိဘဲ မြို့နှင့်အလှမ်းဝေးသည့် ကျေးရွာအချို့တွင် ကျေးရွာအုပ်ချုပ်ရေးမှူးများမှ မိမိတို့ ကျေးရွာလူဦးရေစာရင်းသိရှိရန်နှင့် စီမံခန့်ခွဲမှုကိစ္စများအတွက် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ ထိုကဲ့သို့ ကျေးရွာအုပ်ချုပ်ရေးမှူးတံဆိပ်နှင့် ရုံးတံဆိပ်အဝိုင်းရိုက်နှိပ်၍ အိမ်ထောင်စု စာရင်း ထုတ်ပေးမှုနှင့်ပတ်သက်၍ ဦးညွန့်စိန်ပါ (၇) ဦးမှ တိုင်ကြားမှု၊ စာရွက်စာတမ်းအတုသဖွယ် ပြုလုပ်ခဲ့မှုနှင့်ပတ်သက်၍ ဦးခင်မောင်ဝင်းပါ (၃)ဦးမှလည်း အရေးယူပေးပါရန် အကြိမ်ကြိမ် တိုင်ကြားမှုများကြောင့် စုံစမ်းစစ်ဆေးခဲ့ပြီး ပါဝင်ပတ်သက်သော ရပ်/ကျေးစာရေးဝန်ထမ်းနှင့် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးတို့အား မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထိုက်သင့်သော ပြစ်ဒဏ်များဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်ခင်ဗျား။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်/ မြို့နယ်ခွဲများတွင် ယခင်ကအကြောင်းအမျိုး မျိုးဖြင့် မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည် မိမိတို့ဒေသရှိ အိမ် အကြောင်း အရာနှင့် လူဦးရေစာရင်းများ အသက်အပိုင်းအခြားအလိုက် သိရှိရန်အတွက်လည်းကောင်း၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် လုံခြုံရေးအရသော်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ် ပုံတင်ရေးဦးစီးဌာနမှ အသုံးပြုသော အိမ်ထောင်စုလူဦးရေစာရင်း ၆၆/၆ ပုံစံတူများအား မိမိတို့ အစီအစဉ်ဖြင့် ပြုလုပ်ပြီး လူဦးရေစာရင်းများကောက်ယူမှုများရှိခဲ့သဖြင့် မြို့နယ်/ရပ်ကွက်/ကျေးရွာ အုပ်စုများမှ အဆိုပါအိမ်ထောင်စုစာရင်းပုံစံတူများအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင် ရေးဦးစီးဌာန၏ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ များဖြင့် လဲလှယ်ထုတ်ပေးရန် စီမံဆောင်ရွက် လိုပါကြောင်း ဧရာဝတီတိုင်းဒေသကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ရုံးမှ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၂၉-၁-၂၀၁၃ ရက်စွဲပါစာအမှတ်၊၁၀၂/ မ-၆/ အမတ/

လဝကဖြင့် တင်ပြခဲ့သည့်အပေါ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၆-၂-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၂၀၀/၂-၁၄ အစိုးရ(ဧရာဝတီ)ဖြင့်လည်းကောင်း၊ မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၅-၂-၂၀၁၃ ရက်စွဲပါစာအမှတ်၊၃/၃-၈/ဦး-၆ ဖြင့်လည်းကောင်း မအူပင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအားလုံးသို့ လဲလှယ်ဆောင်ရွက်မည့် အိမ်ထောင်စုလူဦးရေစာရင်း ပြုစု၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ တင်ပြပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ ထိုကဲ့သို့ညွှန်ကြားချက်နှင့်အညီ မအူပင်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးအနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးတံဆိပ်တုံးရိုက်နှိပ်၍ လက်မှတ်ရေး ထိုးထုတ်ပေးခဲ့သော ကညင်ဝကျေးရွာအုပ်စုမှ ပုံစံတူအိမ်ထောင်စုစာရင်း ပုံစံ ၂၁၁ စောင်အား ၂၆-၁၀-၂၀၁၂ နေ့တွင်လည်းကောင်း၊ ထရော်ညောင်ဝိုင်းကျေးရွာအုပ်စုမှ အိမ်ထောင်စုစာရင်း ၆၆/၆ ပုံစံတူ ၃၇ စောင်နှင့် ယခင်(ရယက) လက်ထက်ထုတ်ပေးသည့် လူဦးရေစာရင်းဇယား ပုံစံ(က) ၃၉ စောင်တို့အား ၁၅-၂-၂၀၁၃နေ့တွင်လည်းကောင်း၊ ရုံးလက်ခံပုံစံများဖြင့် တိုက်ဆိုင်စိစစ်ပြီး မိမိဌာနမှ တရားဝင် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ များထုတ်ပေးပြီးဖြစ်ပါတယ်။

ထို့အပြင် မိမိဌာနမှ ဆောင်ရွက်လျက်ရှိသော မိုးပွင့်စီမံချက်အဆင့် (၁) မှ အဆင့် (၅) အထိကာလအတွင်း မအူပင်မြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း စုစုပေါင်း ၉၇၄ စုအား ထပ်မံ ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မအူပင်မြို့နယ်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ထုတ်ပေးသော အိမ်ထောင်စုများအား ကျေးရွာအုပ်ချုပ်ရေးမှူးများမှ လဲလှယ်ပေးရေးတင်ပြ လာမှု အားဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းပြုလုပ်ရာတွင် မိုးပွင့်စီမံချက်များအတိုင်း မြန်ဆန် စွာနှင့်သတ်မှတ်နှုန်းထားအတိုင်းဖြစ်ရေး ကြပ်မတ်ဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

များခင်ဗျား။ ကျွန်တော်ကတော့ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၏ မိုးပွင့်စီမံချက်များဟာ ရည်ရွယ်ချက်ကောင်းသလောက် ပြည်သူများအတွက် လက်တွေ့ အကျိုးသက်ရောက်မှုမရှိဘဲ ဖြစ်နေပါတယ်။ တစ်နေ့လုပ်မှတစ်နေ့စားရတဲ့ ကျေးလက်ကဆင်းရဲတဲ့ ပြည်သူတွေဟာ နိုင်ငံသားစိစစ်ရေးကတ်ရဖို့ ငွေကျပ် ၁၀၀၀၀ ကနေ ၄၀၀၀၀ ထိပြောင်ပြောင် တင်းတင်းတောင်းလို့ ပေးနေရဆဲပဲဖြစ်ပါတယ်။ အသက် ၁၈ နှစ်ပြည့်ပြီးတဲ့ မွေးရာပါ နိုင်ငံသား တွေဟာ တစ်မြို့တည်းမှာကိုထောင်နဲ့ရာနဲ့ချီပြီးတော့ ရှိနေပါတယ်။ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ ရပ်ဖများနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင်က ရှေ့ပြေးဖောင်တွေဖြည့်ပေးပါမယ်။ အကြိုအပို့လည်းလုပ်ပေးပါမယ်။ စားစရိတ်လည်းခံပေးပါ့မယ်။ အလှူရှင်တွေနဲ့ လိုအပ်တာတွေအား လုံးကို ပံ့ပိုးပေးပါမယ်လို့ ပြောပြီးတော့ နိုင်ငံသားစိစစ်ရေးကတ်မရှိတဲ့ လူဦးရေစာရင်းနှင့်တကွ မြို့နယ်လဝကကို တင်ပြသော်လည်း အကြောင်းမပြန်။ ဘယ်နှစ်ခါမေးမေး။ ဘယ်နှစ်ခါစာတင်တင် အချည်းနှီးပါပဲ။ လဝကပြည်ထောင်စုဝန်ကြီးရဲ့ မိုးပွင့်စီမံချက်ကြော်ငြာများဟာ အလွန်ကောင်း သလောက် အောက်ခြေကအခြေခံပြည်သူတွေအတွက်တော့ အကျိုးမထူးပါဘူး။ မိုးပွင့်ဟာ လဝကရုံး မှာပဲ ရေလောင်းသလောက်ပွင့်ပါတယ်။ One Stop Service ကငွေများများပေးနိုင်မှ ဖြစ်ပါတယ်။ မိုးပွင့်ကကျေးလက်နေဆင်းရဲသားတွေဆီမှာ မရွာပါဘူး။ မပွင့်ပါဘူး။ သမ္မတကြီးက ကောင်းမွန်တဲ့ အုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရ ဘယ်လောက်ပဲပြောပြော ပြည်ထောင်စုလွှတ်တော်က ဘယ်လောက်ပဲကောင်းတဲ့ဥပဒေတွေကို ပြဋ္ဌာန်းပြဋ္ဌာန်း အောက်ခြေအုပ်ချုပ်ရေးအဆင့်တွေမှာတော့ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုတွေက ပြောင်ကျကျပဲ လုံးဝမပြောင်းပါဘူး။ အထက်က လူကြီး၊ တာဝန်ရှိသူတွေက တကယ်ပဲမသိကြတာလား။ သိသိကြီးနဲ့လွှတ်ထားတာလား။ ယခင်အစိုးရ အဆက်ဆက်လိုပဲ ဟန်ပြပဲလုပ်ပြနေတာလား။ ပြည်သူတွေကြားမှာ လားပေါင်းများစွာဖြစ်နေကြပါ တယ်ခင်ဗျား။ သို့ပါ၍ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ နိုင်ငံသားစိစစ်ရေး ကတ်ပြားနဲ့ အိမ်ထောင်စုစာရင်းပြုလုပ်ရာတွင် မိုးပွင့်စီမံချက်များအတိုင်း မြန်ဆန်စွာနှင့် သတ်မှတ်တဲ့ နှုန်းထားအတိုင်းဖြစ်အောင် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ပေးရန် အစီအစဥ်များနှင့် ပတ်သက်လို့ သိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းပြုလုပ်ရာတွင် မိုးပွင့်စီမံချက်များအတိုင်း မြန်ဆန်စွာနှင့် သတ်မှတ်နှုန်းထားအတိုင်းဖြစ်အောင် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုပါရန်လည်း ဒုတိယဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်အား ဖြေကြားရလျှင် လွှတ်တော်ကိုယ်စားလှယ်၏မေးမြန်းချက်နှင့်အလားတူပင် ၂၇-၃-၂၀၁၂ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ၁၆ ရက်မြောက်နေ့ ပုံမှန်အစည်းအဝေးတွင် မင်္ဂလာဒုံမဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း မေးမြန်းခဲ့သည့် နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောနိုင်ငံသားများကို နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းအား သက်သာသောစရိတ်နှုန်းထားဖြင့် မြန်ဆန်စွာထုတ်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းသည် လွှတ်တော်များ၏ ဆောင်ပုဒ်ဖြစ်သည့် ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ ဆိုသကဲ့သို့ ပြည်သူ့ဆန္ဒအဖြစ် မှတ်ယူခဲ့ပါတယ်။

၁၁-၃-၂၀၁၃ ရက်နေ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင်လည်း ဤဝန်ကြီးဌာနမှ နိုင်ငံအဝှမ်းဆောင်ရွက်လျက်ရှိသော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း မိုးပွင့်စီမံချက်များနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ မိမိဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်ကြီး ၃ ရပ်အနက် ဒုတိယလုပ်ငန်းဖြစ်သော အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်ရေး လုပ်ငန်းအား အောင်မြင်စွာ

အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဖြေလျော့ရေးနည်းလမ်းဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းလုပ်ငန်း မိုးပွင့်စီမံချက်များကို ၁-၇-၂၀၁၁ မှစတင်ဆောင်ရွက်ပေးခဲ့ရာ မိုးပွင့်အဆင့် (၅) အထိဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝှမ်းတွင် မိုးပွင့်စီမံချက် အဆင့် (၁)မှ အဆင့်(၅) အထိ ဆောင်ရွက်ပြီးခဲ့သော အိမ်ထောင်စုလူဦးရေစာရင်းလုပ်ငန်းပေါင်း ၄၈၆၇၀၇ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၃၄၃၁၈၂၃ ခု ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်အတွင်း မိုးပွင့်အဆင့် (၁)မှ (၅)အထိ ဆောင်ရွက်ပြီးစီးခဲ့သော အိမ်ထောင်စုလူဦးရေစာရင်းမှာ ၁၁၈၇ ခုဖြစ်ပြီး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၆၄၇၂ ခုဖြစ်ပါတယ်။

ထိုကဲ့သို့ ဖြေလျော့ရေးနည်းလမ်းဖြင့် မိုးပွင့်စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အိမ်ထောင်စုလူဦးရေစာရင်း လျှောက်ထားခြင်းအတွက် လိုအပ်သောအထောက်အထားများ ပြည့်စုံမှန်ကန်စွာပါရှိပါက အခမဲ့နေ့ချင်းပြီးဆောင်ရွက်ပေးပြီး၊ ကွင်းဆင်းဆောင်ရွက်သည့်အခါတွင် သာမကဘဲ သက်ဆိုင်ရာမြို့နယ်ရုံးများတွင် သွားရောက်ဆောင်ရွက်ပါကလည်း နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားခြင်းအတွက် နိုင်ငံတော်မှသတ်မှတ်သည့် အခနှုန်းထားအတိုင်း အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့် လျှောက်ထားခြင်းအတွက် ၆ ကျပ်၊ အသက် ၁၀ နှစ်ပြည့်မှ ၁၈ နှစ်ပြည့် လဲလှယ်ခြင်းအတွက် ၃ ကျပ်၊ ပျောက်ဆုံး/ပျက်စီးမိတ္တူလျှောက်ထားခြင်းအတွက် ၁၀ ကျပ်သာ ကောက်ခံပြီး ၂၈ ရက်အတွင်းအပြီး ဆောင်ရွက်ပေးရန် လမ်းညွှန်ထားသကဲ့သို့ ပြည်သူများပွင့်လင်းမြင်သာစွာသိရှိနိုင်ရေးအတွက် မြို့နယ်ဦးစီးဌာနမှူးရုံးများတွင် Venyl များဖြင့် ချိတ်ဆွဲထားရှိပါတယ်။ အပိုငွေကောက်ခံခြင်း လုံးဝမပြုလုပ်ရန်၊ ပြည်သူလူထုကို ကောင်းမွန်သောဆက်ဆံရေးဖြစ်သည့် အသွင်သစ်ဖြင့်ဆက်ဆံရန်၊ လာဘ်ပေးလာဘ်ယူမပြုလုပ်ရန် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့မှ ဝန်ထမ်းများအား အမြဲမပြတ်ကြပ်မတ်သွန်သင်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မိမိတို့ဝန်ကြီးဌာနမှ မိုးပွင့်စီမံချက်များကို ဖြေလျော့ရေးနည်းလမ်းဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားခြင်းအတွက် နိုင်ငံတော်မှ သတ်မှတ်အခနှုန်းထားနှင့် ကာယကံရှင်များ ကိုယ်တိုင်ဆောင်ရွက်ရမည့် ဓါတ်ပုံရိုက်ခ၊ စာရွက်စာတမ်းများ မိတ္တူကူးခ၊ သွေးစစ်ခ၊ ထောက်ခံချက်များရယူခစသည့်ကိစ္စများကို ကွဲကွဲပြားပြား ကျယ်ကျယ် ပြန့်ပြန့် သိရှိစေရန် နည်းလမ်းမျိုးစုံဖြင့် အသိပညာပေးဆောင်ရွက်ခဲ့ရာ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြား

အစီအစဉ်များတွင် တွေ့ဆုံမေးမြန်းခန်း ထုတ်လွှင့်ပြသခြင်း၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများတွင် လုပ်ငန်းအမျိုးအစားအလိုက် ဆိုင်းဘုတ်များချိတ်ဆွဲထားရှိခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ သတင်းစာ၊ ဂျာနယ်များတွင် ရှင်းလင်းဖော်ပြပေးခြင်း၊ ရပ်ကွက်/ကျေးရွာ၊ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းများတွင် ကွင်းဆင်းဆောင်ရွက်ရာ၌ အသိပညာပေးရှင်းလင်းပြောကြားခြင်းများကို ထင်သာမြင်သာရှိရှိ ဆောင်ရွက်ပေးခဲ့ပါတယ်။ ထို့အပြင် ပြည်သူတစ်ဦးချင်းကုန်ကျရသည့် ဓါတ်ပုံဖိုး၊ သွေးစစ်ခ၊ မိတ္တူကူးခ၊ ထောက်ခံစာစသည့် ကိစ္စရပ်များအတွက် ကုန်ကျစရိတ်သက်သာစေရေး ဒေသအာဏာပိုင်များမှ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။

စီမံချက်လုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် တွန်းအားပေးဆောင်ရွက်ခဲ့ရာ ဗဟိုလေ့လာသုံးသပ်ရေးအကြံပြုရေးကော်မတီနှင့် ပြည်နယ်/တိုင်းဒေသကြီး လေ့လာသုံးသပ်ရေး အကြံပြုရေးကော်မတီများကိုဖွဲ့စည်းပြီး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ခဲ့ပါတယ်။ ဗဟိုအဆင့်မှ ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်ဦးစီးဌာနမှူးများ ကွင်းဆင်းရောက်ရှိဒေသတို့အား အချိန်နှင့်တစ်ပြေးညီ မှတ်တမ်းထားလျက် အစဉ်ကြပ်မတ်ကွပ်ကဲခြင်း၊ နေ့စဉ်လုပ်ငန်းတိုးတက်မှုအခြေအနေများကို မှတ်တမ်းရယူခြင်း၊ နေ့စဉ်ပြည်သူလူထုတုံ့ပြန်မှုများကို စောင့်ကြည့်လေ့လာသုံးသပ်ခြင်း၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းရာသို့ လိုက်ပါကြည့်ရှုအားပေးမှု အခြေအနေများကို မှတ်တမ်းထားရှိခြင်း၊ ဗဟိုလေ့လာသုံးသပ်ရေးအကြံပြုရေးကော်မတီ နာယကပြည်ထောင်စုဝန်ကြီးအပါအဝင် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများကလည်း ပြည်နယ်/တိုင်းဒေသကြီးအနှံ့ ကွင်းဆင်းစစ်ဆေးကြပ်မတ်ဆောင်ရွက် ခြင်းများကို ဆောင်ရွက်ခဲ့ကြပါတယ်။

ထိုကဲ့သို့ နိုင်ငံတစ်ဝှမ်းလုံးတွင် မိုးပွင့်စီမံချက်များကို အဆင့်ဆင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုတွင် အဆင်မပြေမှုများရှိပါကလည်း နေပြည်တော်ဦးစီး(ရုံးချုပ်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ တိုင်ကြားပေးနိုင်ပါကြောင်း ၃၁-၁-၂၀၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာနှင့် ၂၃-၂-၂၀၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာများတွင် ပြည်သူလူထုထံ အသိပေးအကြောင်းကြားခြင်း ခေါင်းစဉ်ဖြင့် မိမိဝန်ကြီးဌာန (လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန) မှကြေညာပေးခဲ့ ပြီး

၃၀-၆-၂၀၁၃ ရက်နေ့ထိ ပြည်သူများမှ ကြန့်ကြာမှုများအတွက် မကျေနပ်၍ တိုင်ကြားမှု ၆၃ မှုအနက် ၄၅ မှုအား ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်၍ ကျန် ၁၈ မှုအား ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ထို့အပြင် မိမိဝန်ကြီးဌာန၏ လုပ်ငန်းများအပေါ် မကျေနပ်၍ စာဖြင့်ရေးသားတိုင်ကြားလာမှုများရှိလာပါကလည်း အရာရှိကြီးများ ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် စုံ/ခုံအဖွဲ့များ ဖွဲ့စည်းကွင်းဆင်းစစ်ဆေးစေပြီး မှန်ကန်ပါက ကျူးလွန်သည့်အပြစ်ဒဏ်အပေါ်မူတည်ပြီး ထုတ်ပစ်ပြစ်ဒဏ်၊ ရာထူးလျှော့ခြင်း၊ ဝေးလံဒေသပြောင်းရွှေ့ခြင်း၊ ရာထူးတိုးရပ်ဆိုင်းခြင်း ပြစ်ဒဏ်များကို မူဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခု သနပ်ပင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့်ပတ်သက်ပြီး လက်မှတ်ရေးထိုးတိုင်ကြားသူများနှင့်တွေ့ဆုံပြီး သနပ်ပင်မြို့နယ် ဝန်ထမ်းများအား ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှုများကို အမြန်ပြုလုပ်သွားပြီး မှန်ကန်ပါက ထိရောက်စွာအရေးယူသွားမည်ဖြစ်ပါကြောင်းနှင့် ပြည်သူများအလွယ်တကူ အဆင်ပြေစေရေးအတွက် ရည်ရွယ်လျက် တိုင်းရင်းသားများအား ဖြေလျှော့ရေးနည်းလမ်းဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းအား နောင်တွင်လည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပြီး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပြည်သူ့ကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မိမိတို့ဌာန၏ လုပ်ငန်းများအား ပိုမိုတိုးတက်ကောင်းမွန်စေရေး အပြုသဘောဖြင့် တင်ပြပေးခြင်းအတွက် များစွာကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆက်တွဲမေးခွန်း မေးမြန်းခွင့်ပြုပါ။ ခုနက ကျွန်တော်တို့မြို့နယ်က တိုင်တန်းမှုတွေနဲ့ပတ်သက်ပြီး မြို့နယ်အဆင့်စုံစမ်းရေး ခုံအဖွဲ့ဖွဲ့ပြီးတော့ စစ်ဆေးပါတယ်။ အဲ့ဒီစစ်ဆေးတဲ့ထဲမှာ အတိုင်ခံရတဲ့လူက စစ်ဆေးတဲ့အထဲမှာပါပြီးတော့ စစ်ဆေးတဲ့အခါကျတော့ ထုံးစံအတိုင်းပဲတောက မသိတဲ့လူတွေကို ငေါက်လားငန်းလားနဲ့ စစ်ဆေးပါတယ်။ ပြီးတော့အထက်ကို အစီရင်ခံပါတယ်။ ထုံးစံအတိုင်းပါပဲ ဗိုလ်နေမြဲ၊ ကျားနေမြဲပါပဲ အခုထက်ထိ ကျွန်တော်ဖုန်းဆက်မေးတဲ့အခါမှာလည်း ငွေတောင်းပြီးတော့ ရယူနေဆဲပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်နောက်ဆက်တွဲမေးခွန်း တစ်ခုနှစ်ခုလောက်မေးချင်ပါတယ်။ မိုးပွင့်စီမံချက်မှာ ညွှန်ကြားချက် အတိုင်းမလုပ်ဘဲနဲ့ အဂတိလိုက်စားလို့ အရေးယူအပြစ်ပေးခဲ့တာ ဘယ်နှစ်ဦးရှိပါသလဲ။ မတိုင်ပဲကော အောက်ခြေမှာဖြစ်နေတာတွေကို ဌာန

ကကိုယ့်ဟာကိုစုံစမ်းပြီးတော့ တည့်မတ်ပေးမယ့်အစီအစဉ်များ ကောရှိပါသလား။ မိုးပွင့်စီမံချက်အရ မွေးရာပါနိုင်ငံသားတွေ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ၂၀၁၄ ခုနှစ်မှာမှ ပြီးအောင်မဆောင်ရွက် နိုင်ရင်၂၀၁၅ ရွေးကောက်ပွဲမှာ နိုင်ငံသားအခွင့်အရေးတွေ ဆုံးရှုံးမှုမရှိအောင်လုပ်ဆောင်မယ့် အစီအစဉ်များကိုလည်း သိလိုပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေက ကူညီဖို့လို့ကမ်းလှမ်းတာကို လိုလိုလားလားလက်ခံဖို့ကော ညွှန်ကြားဖို့ အစီ အစဉ်ရှိပါသလား။ ကျေးဇူးပြုပြီးတော့ ဖြေကြားပေးပါခင်ဗျား။ အားလုံးကိုကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဦးကျော်ကျော်ဝင်း(လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ခုနကမေးခွန်း ကျွန်တော်မှတ်ထားတာ ၄ ခုရှိပါတယ်။ ထပ်ဆင့် မေးခွန်း နံပါတ်(၁) ကတော့ စုံစမ်းစစ်ဆေးရေးခုံရုံးဆိုတာ ကျွန်တော်တို့ လုပ်နေတာရှိပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ သူတို့ဆီကတင်တဲ့ဥစ္စာတွေကို သိပ်ပြီးတော့မကျေလည်တဲ့အတွက် ကျွန်တော်တို့ထပ်ပြီးတော့လုပ်နေတာတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ မကြာခင်မှာ သူတို့ဆီကတက်လာ တဲ့ဟာတွေရှိပါတယ်။ တက်လာရင် သူတို့ကို ကျွန်တော်တို့က လိုအပ်သလို ဥပဒေကြောင်းအရ အရေးယူဖို့ ဆောင်ရွက်လျက်ရှိကြောင်း နံပါတ်(၁)ဖြေကြားအပ်ပါတယ်။ နံပါတ် (၂) ကတော့ မိုးပွင့်စီမံချက်နှင့် ပတ်သက်ပြီးတော့ အရေးယူမှုများရှိပါသလားလို့မေးတာ ရှိပါတယ်။ ၎င်းကိစ္စနှင့် ပတ်သက်ပြီးတော့ မိုးပွင့်စီမံချက်အပြင်ကို ကျန်တဲ့ တိုင်တာ၊တောတာများရှိခဲ့လို့ရှိရင် ရှိတဲ့အလျောက် အရေးယူတာရှိပါတယ်။ သို့သော် ယခုကျွန်တော်တို့ တိုင်ကြားတဲ့အတွက်ကြောင့် အမှုအခင်းဖြစ်လို့ အရေး ယူတဲ့အရေးအတွက်ကိုလည်း လောလောဆယ်ပါလာတာမရှိပါဘူး။ ဒါပေမယ်လို့ လွှတ်တော် ကိုယ်စားလှယ်ကြီးကို သက်သက် အကြောင်းကြားပြန်ကြားပေးပါမယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ၂၀၁၄ ခုနှစ်မတိုင်ခင်၂၀၁၅ ခုနှစ် ဒီလွှတ်တော်ရွေးကောက်ပွဲမှာ အဆင်သင့်ဖြစ်အောင် ဒါတွေအားလုံးထုတ်ပေးဖို့လည်း အစီအစဉ်ရှိပါသလားဆိုတာနှင့်ပတ်သက်ပြီးတော့ လူတွေက မွေးလာတယ်။ ကြီးလာတယ်။ အသက်ပြည့်တယ်။ ဒါကြောင့်မို့လို့ တောက်လျှောက်တောက်လျှောက် ကျွန်တော်တို့လုပ်ပေးနေတာရှိပါတယ်။ အတတ်နိုင်ဆုံးအပြည့်အဝဖြစ်အောင် ကျွန်တော်တို့ကြိုးစား ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ခုနက ကျွန်တော်ဖြေကြားတဲ့အထဲမှာလည်း ပါပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ မိုးပွင့်စီမံချက်အားလုံးပေါင်း (၁) ကနေ (၅) ထိလုပ်တဲ့ထဲမှာ စုစုပေါင်း ၃၄ သိန်းကျော် ကျွန်တော်တို့ကဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီမေးခွန်း (၃) ဖြစ်တဲ့ဖြေကြားချက်ကို

ဖြေကြားရမယ်ဆိုရင်တော့ အတတ်နိုင်ဆုံး ကျွန်တော်တို့ လာမယ့်ရွေးကောက်ပွဲအတွက်ကို အတတ်နိုင်ဆုံးအပြည့်အဝ ရရှိအောင်လည်း ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြန်ကြားဖြေကြားအပ်ပါတယ်ခင်ဗျား။ နံပါတ် (၄) မေးတဲ့မေးခွန်းဖြစ်ပါတယ်။ သက်ဆိုင်ရာမြို့နယ်တွေက ပုဂ္ဂိုလ်များက ကျွန်တော်တို့လဝက ဝန်ထမ်းများအနေနဲ့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ပူးပေါင်းဆောင်ရွက်မှုရှိ/မရှိကို ညွှန်ကြားမှုရှိလား/မရှိလားဆိုတဲ့ မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ ဒီကိစ္စနှင့် ပတ်သက်ပြီး ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့က သက်ဆိုင်ရာတိုင်းတွေရော၊ ခရိုင်တွေရော၊ မြို့နယ်တွေရောက၊ သက်ဆိုင်ရာ မြို့မိမြို့ဖတွေရော၊ နောက်တစ်ခုက သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းရော၊ လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးနဲ့ ပေါင်းစပ်ပြီးတော့ ညှိနှိုင်းပြီးတော့ မြို့နယ်ရဲ့တိုးတက်ရာတိုးတက် ကြောင်းဆောင်ရွက်တဲ့နေရာတွေမှာရော နောက်တစ်ခုက မိုးပွင့်စီမံချက်လို ကျွန်တော်တို့ကတ်ပြားတွေ ထုတ်ပေးတဲ့နေရာတွေမှာကော အားလုံးဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်ဖို့ဆိုတဲ့ ညွှန်ကြားချက်တွေ ကျွန်တော်တို့ထုတ်ပေးပြီးဖြစ်ပါတယ်။ ၎င်းအကြောင်း ကျွန်တော်တို့ တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ မိုးပွင့်စီမံချက်လုပ်တဲ့အတောအတွင်းမှာ လွှတ်တော်ကိုယ်စားလှယ်တွေကနေပြီးတော့ ကျွန်တော်တို့ အားလုံးလိုက်လံပြီးတော့ ကြည့်ရှုပြီးတော့ ဆောင်ရွက်တဲ့အချက်တွေ ရှိပါတယ်။ ဓာတ်ပုံမှတ်တမ်းတွေရှိပါတယ်။ ကျွန်တော်တို့ ဒီကတ်ပြားတွေပေးတဲ့အခါမှာလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးတွေရော၊ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့တွေရော ပေးတာရော ရှိပါတယ်။ ထိုနည်းလည်းကောင်းပဲ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့နဲ့ ဝန်ကြီးချုပ်တွေ၊ ပြည်နယ်ဝန်ကြီးချုပ်တွေရော၊ တချို့လွှတ်တော် ကိုယ်စားလှယ်တွေရော ကတ်ပြားအတွက် တစ်ဦးလျှင် ၆ ကျပ်နှုန်းကို ဘယ်နှစ်ဦးအတွက် လှူဒါန်းပါတယ်ဆိုပြီးတော့ လှူဒါန်းတာတွေလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်အခု နောက်ဆုံး(၄)ဖြစ်တဲ့ မေးခွန်းကို အတိုချုပ်ပြီးနောက်ဆုံး ဖြေကြားရမယ်ဆိုလို့ရှိရင် သက်ဆိုင်ရာအောက်ခြေမြို့နယ်တွေအားလုံး ညှိနှိုင်းဆောင်ရွက်ဖို့ ညွှန်ကြားပြီးဖြစ်ပါကြောင်း ဖြေကြားရင်း ဖြေကြားပါရစေ။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး ဦးမြင့်ဦး ကျေနပ်လိမ့်မယ်ထင်ပါတယ်။ ဖြေကြားပေးတဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများကိုလည်း ကျေးဇူးတင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပြီဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်က နေ့စဉ်အသစ်ထွက်ပေါ် သုံးစွဲနေသော ဝေါဟာရစကားလုံး စာသားများ ဆေးဘက်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာအသုံးအနှုန်းများနှင့်နိုင်ငံခြား ဘာသာ အသုံးအနှုန်းများ မြန်မာ့သံဖလှယ်သုံးစွဲရာတွင်လည်းကောင်း၊ မြန်မာစာ၊ မြန်မာစကား အသုံးအနှုန်းများ စနစ်တကျခိုင်မာစွာ တည်တံ့နိုင်ရေးနှင့် စံပြုမြန်မာစာ၊ မြန်မာစကား၊ မြန်မာ ဝေါဟာရတို့ကို သုံးစွဲရာတွင်လည်းကောင်း တစ်ပြေးညီသတ်မှတ်နိုင်ရေးနှင့်သုံးစွဲသူအားလုံးက တစ်ပြေးညီလိုက်နာကျင့်သုံးနိုင်ရေးအတွက် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းဆောင်ရွက် သင့်ကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အလုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် အား အဆိုကိုတင်သွင်းဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့်တကွ လွှတ်တော်သို့လေ့လာရေးရောက်ရှိလာကြသော ရွှေမင်းသားဖောင်ဒေးရှင်း အဖွဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား စာရွက်စာတမ်းများကြည့်ရှုတင်ပြခွင့်ပြုစေလိုပါတယ်ခင်ဗျား။ ယနေ့ နေ့စဉ်အသစ် ထွက်ပေါ်သုံးစွဲနေသော ဝေါဟာရစကားလုံး စာသားများ ဆေးဘက်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာအသုံးအနှုန်းများနှင့် နိုင်ငံခြားဘာသာအသုံးအနှုန်းများ မြန်မာ့သံဖလှယ်သုံးစွဲရာတွင်လည်းကောင်း၊ မြန်မာစာ၊ မြန်မာစကားအသုံးအနှုန်းများ စနစ်တကျခိုင်မာစွာ တည်တံ့နိုင်ရေးနှင့် စံပြုမြန်မာစာ၊ မြန်မာစကား၊ မြန်မာဝေါဟာရတို့ကို သုံးစွဲရာတွင်လည်းကောင်း တစ်ပြေးညီသတ်မှတ်နိုင်ရေးနှင့် သုံးစွဲသူအားလုံးကတစ်ပြေးညီလိုက်နာကျင့်နိုင်ရေးအတွက် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း အဆိုကို လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကိုတင်သွင်းဖို့ဖြစ်လာတဲ့အကြောင်းရင်းကိစ္စနှင့်တကွ အနည်းငယ်ဆွေးနွေးပါမယ်ခင်ဗျား။ ဒီအဆိုကို တင်သွင်းဖို့ အမျိုးသားကဇာတ်ရဲ့ စာပေ၊

စာနယ်ဇင်း ပညာရှင်ကြီးများနှင့် ဆရာမောင်ခင်မင်(ဓနုဖြူ)၊ ဆရာဦးဖေမြင့် စသည်တို့ ဆရာကြီးများ ဦးဆောင်တဲ့ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ခဲ့ရာမှ လိုအပ်သော အချက်များဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီးတို့က ဆောင်ရွက်ပေးဖို့ဆိုတဲ့ စကားသံကို ထိုအလုပ်ရုံ ဆွေးနွေးပွဲမှ ကြားသိခဲ့ရပါတယ်။ ကျွန်တော်နှင့်အတူ လွှတ်တော်မှ သူရဦးအောင်ကို တက်ရောက်ခဲ့ တာလည်းတွေ့ရှိရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာစာ၊ မြန်မာစကား၊ မြန်မာဝေါဟာရ၊ မြန်မာမှုအသုံးအနှုန်းများဟာ မြန်မာနိုင်ငံနှင့် မြန်မာတစ်မျိုးသားလုံးအတွက် အရေးပါတဲ့အခန်း ကဏ္ဍတစ်ရပ်ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် စာပေပညာရှင်များက ထိန်းကျောင်းကြပ်မတ်၍လည်း ဂရုတစ်စိုက်စောင့်ရှောက်လာခဲ့ကြပါတယ်။ မြန်မာစာပေနှင့် ဘာသာစကားကို မြှင့်တင်နိုင်ရန်လည်း ကြိုးစားအားထုတ်ခဲ့ကြပါတယ်။ နိုင်ငံအသီးသီးက လူမျိုးအသီးသီးတို့ဟာ မိမိတို့ရဲ့ စာပေ၊ မိမိတို့ရဲ့ ဘာသာစကားတွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့ မြှင့်တင်မှုတွေ ပြုလုပ်တဲ့ကိစ္စတွေ ခေတ်နှင့်အညီ တီထွင်ဆန်းသစ်မှုပြုတဲ့ကိစ္စတွေလုပ်လာတာကို တွေ့ရှိရပါတယ်။ နိုင်ငံတကာရဲ့ ၎င်းတို့စာပေ၊ စကား တွေကို ပြန့်ပွားစေလို၍လည်းကောင်း၊ ခိုင်မာစေလို၍လည်းကောင်း မိမိတို့နိုင်ငံအသီးသီးက စာပေနှင့် ပတ်သက်တဲ့ ပြိုင်ပွဲတွေဆောင်ရွက်ကြတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ လည်းပဲ ဒီဘာသာ၊ စာပေစကားပြိုင်ပွဲမှာ ဂျပန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံတို့က လာရောက်ပြီးတော့ ကျင်းပတာတွေကိုလည်းတွေ့ရှိရပါတယ်။ တချို့နိုင်ငံတွေမှာ လူအများစု များစွာ ပေါင်းစည်းနေထိုင်တဲ့ နိုင်ငံတွေဟာဆိုရင် ရုံးသုံးဘာသာစကားကို စုပေါင်းပြီးတော့မှ ဘုံသုံးနိုင်ဖို့ ဘုံစကားထားဖို့အခက်အခဲရှိလာတဲ့အတွက် အင်္ဂလိပ်ဘာသာကို ရုံးသုံးအဖြစ် ထားရတာမျိုးကိုလည်း ရှိပါတယ်။ ဒီနေရာမှာ ဘုံသုံးစကား၊ ဘုံသုံးစာ တစ်နည်းဆိုရတော့ စံပြုစကား၊ စံပြုစာပေရဲ့ အရေးပါ မှုကိုတွေ့ရမှာဖြစ်ပါတယ်။ ဘုံစကား၊ ဘုံစာ သို့မဟုတ် စံပြုစကား၊ ရုံးသုံးစကားတို့က အဲဒီနိုင်ငံအသီး သီးမှာရှိတဲ့ လူမျိုးအားလုံးနားလည်နိုင်ကြပါတယ်။ နားလည်နိုင်အောင်လည်း တာဝန်ရှိသူများက ဆောင်ရွက်ပေးကြပါတယ်။ ပြည်သူများကလည်း နားလည်အောင်ကြိုးစားကြရပါတယ်။ မြန်မာပြည် မှာလည်း အားလုံးအတွက် စီမံကိန်းရှိဖို့လိုအပ်ပါမယ်။ နိုင်ငံတကာ အများစုမှာ ဒေသသုံးစကားတွေကို သူ့ဒေသအလိုက် သုံးစွဲမှုရှိနေကြပါတယ်။ မြန်မာပြည်လည်း ဒေသသုံးစကားတွေ တစ်နေရာနှင့် တစ်နေရာမတူတာတွေရှိပါတယ်။ လူမျိုးတူ၊ စကားတူ၊ စာပေတူသော်လည်း ဒေသသုံးစကား ကွဲလွဲတာ ရှိတဲ့အတွက် စကားမပေါက်တာတွေရှိပါတယ်။ ဂျပန်နိုင်ငံမှာပင် စကားမပေါက်တဲ့ အသုံးအနှုန်းမတူ

တဲ့ကိစ္စကို ဥပမာ ပက်ကျိကိုခေါ်တဲ့ အခေါ်အဝေါ်ဆိုရင် တစ်နေရာနှင့်တစ်နေရာ လုံးဝမတူကြပါဘူး။ တကယ်တော့ ခတဆူမိုရီး ဆိုပြီးတော့ ဂျပန်လို့ခေါ်ပါတယ်။ အဲဒါကို တချို့နေရာမှာ ဒဲဒဲလို့ခေါ်ပြီး တချို့နေရာမှာ ဒင်ဒင်လို့ခေါ်ပါတယ်။ တချို့နေရာမှာ မိုင်မိုင်ဆူပိုးတိုးလို့ခေါ်ပါတယ်။ တချို့နေရာမှာ နာမင်ခူချိလို့ခေါ်ပါတယ်။ တစ်နေရာနှင့်တစ်နေရာတွေ အဲဒီလိုမတူတဲ့အတွက် ဂျပန်နိုင်ငံမှာလည်း စံစကားအဖြစ် လိုအပ်တယ်ဆိုပြီးတော့ သူတို့ဒါနဲ့ပတ်သက်ပြီးတော့ စံပြုစကားကို ရုံးသုံးစကား၊ စံပြု စကားအဖြစ် ဖော်ထုတ်ကြပါတယ်။ အဲဒါနဲ့ တစ်နိုင်ငံလုံး တစ်ပြေးညီသိစေဖို့၊ သုံးစွဲနိုင်ဖို့ စံပြုစကားနဲ့ အဆင်ပြေပြီး ခိုင်မာမှုရရှိလာပါတယ်။ အဲဒီတော့ ဒေသန္တရစကားဖြစ်စေ၊ မွေးရာပါသုံးစွဲလာတာဖြစ်စေ စံစကား၊ အများသုံးစကားဖြစ်ကြောင်း စံစာ၊ စံဝေါဟာရတို့က အများသုံးစွဲရန်ဖြစ်ကြောင်း ပြည်သူ အများသိစေဖို့အတွက်ကို အသိပေးနည်းလမ်းများဖြင့် လုပ်ကြရမှာဖြစ်ပါတယ်။ အဲဒီတော့ တစ်ကြိမ် မရရင် အကြိမ်ကြိမ်ပြုလုပ်ကြရမှာဖြစ်ပါတယ်။ အဲဒီတော့ အခု အဆိုတင်သွင်းရခြင်းမှာ အထက်ဖော် ပြခဲ့တဲ့ကိစ္စအသေးစားကိစ္စများထဲ ယခု နိစ္စဓူဝ တိုးတက်များပြားလာတဲ့ ဝေါဟာရအသုံးအနှုန်းများ ကြောင့်ဖြစ်ပါတယ်။ မြန်မာမှုပြုကြတဲ့ ဝေါဟာရစကားလုံးများ၊ မွေးစားစကားလုံးများ ဖောင်းပွလာမှု များဟာလည်း အတောမသတ်နိုင်ဖြစ်နေပါတယ်။ ဥပဒေများရေးဆွဲရာမှာပဲ ပါဝင်လျက်ရှိနေပါတယ်။ မနေ့က တင်သွင်းခဲ့တဲ့ ဥပဒေတစ်ခုမှာဆိုရင် လျှပ်စစ် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေဆိုပြီးတော့ ပါလာပါတယ်။ အီလက်ထရောနစ်ကို မြန်မာမှုပြုတာမတွေ့ရပါဘူး။ အဲဒီတော့ တချို့ စကားလုံးတွေကို မြန်မာပြုရာမှာ အထူးပြောင်မြောက်လှ၍ ကျွန်တော်တို့ အခု အဓိပ္ပာယ်ရှိရှိ အလွယ် တကူသုံးစွဲနေရပြီးတော့ အထူးလေးစားစွာ ကျေးဇူးတင်ရမယ့် စကားလုံးတွေရှိပါတယ်။ ဥပမာ ရှေးစာပေ ပညာရှင်ကြီးများ သတ်မှတ်သုံးစွဲပေးခဲ့တဲ့အတွက် ကျွန်တော်တို့ အခု သုံးစွဲကြရတဲ့ ပါမောက္ခ၊ ပါရဂူဘွဲ့၊ မဟာဘွဲ့၊ ဘွဲ့လွန် အဲဒီနောက်မှာ ဒီပလိုမာဆိုတဲ့စကားကိုတော့ ဘာသာမပြန်နိုင် ပါဘူး။ ဒီလို မွေးစားတဲ့စကားလုံးတွေ ရှိခြင်းကို ကျွန်တော်တို့က လက်ခံကြရမှာဖြစ်သော်လည်း ဘာသာပြန်မှု တစ်ပြေးညီဖြစ်မှုဟာ အရေးကြီးပါတယ်။ ခေတ်ပေါ်စကားလုံး၊ နည်းပညာဆိုင်ရာ အသုံးအနှုန်း အသံဖလှယ်မှု မွေးစားစကားလုံးအဖြစ် တီထွင်မှု၊ ဘာသာပြန်မှုအမျိုးမျိုးကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်မှုနဲ့ မြန်မာစာ၊ မြန်မာစကားကို ပျက်စီးစေမယ့် အပျက်စကားလုံးတွေ၊ ဗန်းစကားလုံးတွေ ဖြစ်ပေါ်နေမှုကို ထိန်းသိမ်းကြပ်မတ်တားဆီးပေးရေးနှင့် မပြန့်ပွားအောင် ထိန်းချုပ် နိုင်ရေးတို့အတွက် အဆင့်ဆင့်ဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ် ရန်လိုအပ်ပါတယ်။ သို့မှသာ မြန်မာစကားပျက်စီးမှု သက်သာမှု ဖြစ်စေပါမယ်။ ဒီနေရာမှာ မီဒီယာရဲ့

အခန်းကဏ္ဍဟာ အရေးပါကြောင်းတွေ့ရှိရပါတယ်။ မြန်မာစာဖတ်ပရိသတ်ကို အလွှမ်းမိုးနိုင်ဆုံးဟာ မီဒီယာသာဖြစ်ပါတယ်။ မြန်မာစကားလုံး အသုံးအနှုန်းများကိုလည်း မီဒီယာအသီးသီးတို့ လွှမ်းမိုးထားတာဖြစ်ပါတယ်။ ရုပ်သံလွှင့် မီဒီယာများလည်း ပါဝင်ပါတယ်။ မြန်မာစာ၊ မြန်မာစကားများနဲ့ပတ်သက်ပြီးတော့ မီဒီယာအသုံးအနှုန်းများအပေါ် လိုက်ပါနေမှုများ အားကောင်းနေတာကို တွေ့ရပါတယ်။ မီဒီယာများရဲ့ အကူအညီဖြင့် မြန်မာစာ၊ မြန်မာစကားတို့ကိုလည်း ထိန်းသိမ်းရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာ မွေးစားစကားလုံးအဖြစ် ဘာသာမပြန်နိုင်တဲ့ စကားလုံးတွေကို စကားအရင်းဖြင့် ဖော်ပြသုံးစွဲနေတဲ့ စကားလုံးတွေဖော်ပြလိုပါတယ်။ ကွန်ပျူတာ၊ အင်တာနက်၊ ဝက်ဘ်ဆိုက်၊ ဆိုက်ဘာကဖေး၊ မီဒီယာ၊ အင်ဖိုတက်ခ်၊ တယ်လီပို့၊ မိုဘိုင်း တယ်လီဖုန်း၊ အော်ပရေတာ၊ တဲလက်စ်၊ ဖက်စ်၊ ဝက်ပေါ်တယ်၊ အွန်လိုင်း၊ ဟက်ကာ၊ အိုင်ပက်၊ အီလက်ထရောနစ်မီဒီယာ၊ အေဂျင်စီ၊ တက်ဘလက်၊ မန်မိုရီကဒ်၊ ဆင်းကဒ်၊ ဖေ့စ်ဘွတ်၊ မားသားဘုတ်၊ မောက်စ်၊ အီလက်ထရောနစ်၊ ပရင်တာ၊ စကင်၊ လေဆာ စတဲ့ စကားလုံးများမှာ မြန်မာမပြုနိုင်ဘဲ မွေးစား စကားလုံးလိုလို မြန်မာစာနှင့် တွဲဖက်သုံးပြီးတော့ ကပြားစကားလုံးလိုလိုဖြစ်နေပါတယ်။ တီထွင်ဆန်းသစ်မှုများ၊ နည်းပညာဖွံ့ဖြိုးလာမှုများပေါ် အခြေခံ၍ ပစ္စည်းအသစ်၊ ကိရိယာအသစ်၊ ထုတ်ကုန်အသစ်၊ ပညာရပ်အသစ်များ၊ ရောဂါအသစ်၊ ဆေးဝါးအသစ်များပါမကျန် သိပ္ပံပညာ တိုးတက်မှုများ အစဉ်ရှိနေမည်ဖြစ်သဖြင့် မူရင်းအခေါ်အဝေါ်ဝေါဟာရကို မွေးစားမှု၊ မြန်မာမှုပြုမှုတို့ကို တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းသလို မဖြစ်စေရန်တစ်ပြေးညီ သတ်မှတ်ခေါ်ဝေါ်သုံးစွဲနိုင်ရန်လည်း လိုအပ်ပါမယ်။ ဒီလိုသုံးစွဲဖို့အတွက်ကို သတ်မှတ်ပေးမယ့်ပညာရှင်ကြီးများလည်း ကျွန်တော်တို့နိုင်ငံမှာ အများအပြားရှိပါတယ်။ ပညာရှင်ကြီးများဟာ ၎င်းတို့ကို တာဝန်မပေးခြင်းဖြင့်သာဖြစ်နေရပါတယ်။ အဖွဲ့အစည်းသီးသန့်တစ်ရပ်ပေါ်ထွက်လာပြီး နိုင်ငံတော်က တာဝန်ပေးလုပ်နိုင်ပါတယ်ဟု ပညာရှင်ကြီးတွေကလည်းပြောကြပါတယ်။ ဒါဟာလိုအပ်တဲ့ကိစ္စဖြစ်တယ်လို့လည်း ဆွေးနွေးကြပါတယ်။ နိုင်ငံခြားစကားကြီးများကို ယူငင်သုံးစွဲခြင်းဟာ အထိုက်အလျောက်ရှိနေမှာဖြစ်သော်လည်း မိမိတို့ရဲ့မြန်မာမှု စကားရင်းများကို လေးစားလိုက်နာရန်နှင့် စံပြုစကားများကို တွင်ကျယ်စသုံးနှုန်းနိုင်ရန်စံပြု စာအရေးအသားများဖြင့် ထိန်းချုပ်နိုင်ရန်တို့ကိုလည်း ထည့်သွင်းစဉ်းစားပေးရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ ဘာသာရပ်နယ်မြေ ပညာရှင်များနှင့် မြန်မာမှုပြုပညာရှင်များ မွေးစားစာ၊ မွေးစား စကားလုံးသတ်မှတ်မည့် ပညာရှင်များနှင့် နယ်ပယ်အသီးသီးမှ ပညာရှင်များပါဝင်သော အဖွဲ့မှတာဝန်ယူစေလျက် နေ့စဉ်ထွက်ပေါ်နေသော စကားလုံးများ မီဒီယာအသီးသီးတွင် ကိုယ်ပိုင်အသုံး

အနှုန်းများဖြင့် ဘာသာပြန်သုံးစွဲနေမှုများမှာ တစ်ပြေးညီသုံးစွဲနိုင်ရန် တာဝန်ယူဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဘာသာပြန်ရာမှာ တချို့ဘာသာပြန်စာအုပ်များမှာ အမျိုးမျိုးသုံးစွဲနေတဲ့အခေါ်အဝေါ်တချို့ကို ဥပမာပြလိုပါတယ်။ Civil Society ဆိုတဲ့ စကားလုံးကို ဘာသာပြန်တဲ့အခါမှာ လူထုအခြေပြုအဖွဲ့လို့ တချို့က ဘာသာပြန်ပါတယ်။ တချို့က အရပ်ဘက်လူ့အဖွဲ့အစည်းလို့ ဘာသာပြန်ပါတယ်။ တချို့က လူထုလူတန်းစားအဖွဲ့အစည်းလို့ဘာသာပြန်ပါတယ်။ တချို့က ပြည်သူ့အဖွဲ့အစည်းလို့ ဘာသာပြန်ပါတယ်။ တချို့က အစိုးရမဟုတ်သော အဖွဲ့အစည်း၊ တချို့က လူမှုအဖွဲ့အစည်းဆိုပြီး ဘာသာပြန်တာတွေရှိပါတယ်။ အဲဒီလို အမျိုးမျိုး ဘာသာပြန်မှုတွေ အသီးသီးကွဲပြားနေတဲ့အတွက် ပြည်သူက ဘယ်ဟာကို စံအဖြစ်ထားသင့်တယ်ဆိုတဲ့ဟာမျိုးကို ပညာရှင်ကြီးများက ဆုံးဖြတ်သတ်မှတ်ပေးဖို့ လိုအပ်ပါမယ်။ သို့ပါ၍ အောက်ပါအဆိုအား လွှတ်တော်သို့တင်သွင်းလိုပါတယ်။ နေ့စဉ်အသစ်ထွက်ပေါ်သုံးစွဲနေသော ဝေါဟာရစကားလုံး စာသားများ ဆေးဘက်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာအသုံးအနှုန်းများနှင့် နိုင်ငံခြားဘာသာအသုံးအနှုန်းများ မြန်မာသံဖလှယ်သုံးစွဲရာတွင်လည်းကောင်း၊ မြန်မာစာ၊ မြန်မာစကားအသုံးအနှုန်းများ စနစ်တကျခိုင်မာစွာတည်တံ့နိုင်ရေးနှင့် စံပြုမြန်မာစာ၊ မြန်မာစကား၊ မြန်မာဝေါဟာရတို့ကို သုံးစွဲရာတွင်လည်းကောင်း တစ်ပြေးညီသတ်မှတ်နိုင်ရေးနှင့် သုံးစွဲသူအားလုံးက တစ်ပြေးညီလိုက်နာကျင့်နိုင်ရေးအတွက် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း အဆိုကို လွှတ်တော်သို့တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည် တင်သွင်းသွားတဲ့ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုးပိုင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ဖြစ်ပါတယ်။ ယနေ့ အလုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် တင်သွင်းသွားတဲ့အဆိုဟာ ပညာရပ်ပိုင်းဆိုင်ရာ နယ်ပယ်အသီးသီးရဲ့အသုံးအနှုန်းများကို ခေါ်ဝေါ်သုံးစွဲတဲ့နေရာမှာပဲဖြစ်ဖြစ် နိုင်ငံခြားဘာသာအသုံးအနှုန်းများကို မြန်မာဘာသာအသံအဖြစ်နဲ့ဖလှယ်သုံးစွဲရာမှာပဲဖြစ်ဖြစ် မြန်မာစာ၊ မြန်မာ

စကားများစနစ်တကျရှိစေရေးအတွက် တစ်ပြေးညီသတ်မှတ်သုံးစွဲနိုင်ရေးကို ရည်ရွယ်ပြီးတော့ တင်သွင်းသွားတဲ့အဆိုဖြစ်တဲ့အတွက် ထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးရန်ရှိက ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြုဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခိုင်မောင်ရည်ရဲ့ အဆိုနှင့်ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင်က ရှင်းလင်းဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခုခေတ်ကာလမှာ နည်းပညာတွေအချိန်နှင့်အမျှ တိုးတက်ပြောင်းလဲလာတာနှင့်အမျှ ပစ္စည်းအသစ်၊ ဝေါဟာရအသစ်တွေ၊ ပညာရပ်အသစ်တွေအတွက် အသုံးအနှုန်းဝေါဟာရအသစ်ပေါင်း မြောက်များစွာထွက်ပေါ်လာနေတယ်ဆိုတာကို ကျွန်တော်တို့အားလုံးသိရှိကြပြီးဖြစ်ပါတယ်။ ဒီနေ့ခေတ်ဆက်သွယ်ရေးနည်းပညာတွေဟာလည်း ဖွံ့ဖြိုးတိုးတက်နေတဲ့အတွက် ဒီလိုအသစ်အဆန်း ဝေါဟာရတွေ ထွက်ပေါ်လာပြီး၊ ခေါ်ဝေါ်သုံးစွဲလိုက်ပြီဆိုတာနဲ့တစ်ပြိုင်နက် ကမ္ဘာ့အနှံ့အပြားက လူသန်းပေါင်းများစွာဆီကို ချက်ချင်းရောက်ရှိပျံ့နှံ့သွားနိုင်တယ်ဆိုတာကိုလည်း ကျွန်တော်တို့ တွေ့မြင်နေကြရမှာဖြစ်ပါတယ်။

ဒီလိုအသစ်ထွက်ပေါ်လာတဲ့စကားလုံးတွေကို မြန်မာမှုပြုဖို့အတွက် အဓိကအရေးအကြီးဆုံးအချက်ကတော့ မူရင်းစကားလုံးရဲ့ အဓိပ္ပာယ်မပျောက်ပျက်စေဖို့နှင့် အဓိပ္ပာယ်လွဲချော်မသွားစေဖို့ဖြစ်ပါတယ်။ ဒါ့အပြင်လူအများကြားမှာ အသုံးများပြီး သိသာထင်ရှားလွယ်တဲ့ ဝေါဟာရဖြစ်ဖို့ကိုလည်း စဉ်းစားတွက်ချက်ရမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဝေါဟာရစကားလုံးအသစ်တွေ ထွက်ပေါ်လာတဲ့

နှုန်းထားနဲ့ ပျံ့နှံ့မှုနှုန်းထားတို့ဟာ အင်မတန်မြန်ဆန်တဲ့အတွက် မြန်မာမှုပြုဖို့ဆိုရင် အဖွဲ့ဖွဲ့စည်းဆောင်ရွက်တာထက် နေ့စဉ်အသစ်ထွက်ပေါ်နေတဲ့ ဝေါဟာရစကားလုံးတွေကို သက်ဆိုင်ရာဌာနက ဘာသာရပ်နယ်ပယ်အလိုက် တာဝန်ယူမြန်မာမှုပြု ဘာသာပြန်စေမယ်ဆိုရင် အချိန်အား၊ လူအင်အား၊ ငွေအင်အားသက်သာစေနိုင်မှာ ဖြစ်ပါတယ်။

မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေခဲ့တဲ့ မြန်မာအဘိဓာန်ကျမ်း၊ မြန်မာ-အင်္ဂလိပ်အဘိဓာန်ကျမ်းတွေမှာလည်း ကွန်ပျူတာ၊ အော်ပရေတာ၊ အီလက်ထရွန်းနစ်စတဲ့ အင်္ဂလိပ်စကားလုံးတွေကို တည်ပုဒ်အဖြစ်ယူပြီး အဓိပ္ပာယ်ဖွင့်ဆိုထားတာတွေ့ရှိရမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ လူအများအသုံးတွင်ကျယ်လာတဲ့ဝေါဟာရတွေကိုလည်း မြန်မာစာအဖွဲ့အနေနဲ့ စိစစ်တည်းဖြတ်ပြီး အဘိဓာန်ကြီးပြုစုရာမှာထည့်သွင်းနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိနေတဲ့အတွက် ကိုယ်စားလှယ်တော်ကြီးရဲ့အဆိုကို မှတ်တမ်းပဲတင်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး ဦးခိုင်မောင်ရည် ပြောတဲ့အဆိုလေးဟာ အင်မတန်လှလည်းလှပပါတယ်။ ဒေသန္တရတစ်ခုနှင့်တစ်ခုဟာလည်း စကားတွေမတူကြတာတွေလည်းရှိပါတယ်။ ကျွန်တော်တို့ဆီမှာလည်းပဲ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေလည်းရှိနေခဲ့ကြတဲ့အတွက် မြန်မာစကားပြောတာချင်းအတူတူတောင်မှ ကျွန်တော်တို့ မတူတာလေးတွေရှိပါတယ်။ ဥပမာ ကျွန်တော်တို့ဘက်မှာ မြန်မာနိုင်ငံမှာ နေတဲ့ အတူတူချင်းကိုပဲ ရခိုင်နှင့် ကျန်တဲ့ဘာသာတွေပေါ့။ ကျွန်တော်တို့ကတော့ လျှာနှုတ်ကျိုးတော့ ရခိုင်လို့ခေါ်ကြတယ်။ ဒါပေမယ့် တကယ်တော့ သူတို့က ရကောက်ကို ရခိုင်လို့ခေါ်ကြမှာဖြစ်ပါတယ်။ အဲဒီတော့ မတူတာတွေကတော့ ရှိနေမှာပဲဖြစ်ပါတယ်။ ခုနက ဒုတိယဝန်ကြီးဖြေရှင်းသွားတာလည်း မြင်မယ်ထင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အဆိုရှင် ဦးခိုင်မောင်ရည်ပြောတဲ့အတိုင်းလည်း မှန်ပါတယ်။ ကျွန်တော်တို့ရဲ့ မီဒီယာတွေကလည်း အရေးကြီးပါတယ်။ မီဒီယာများကနေ ဝိုင်းဝန်းကူညီမှသာလျှင် ကျွန်တော်တို့ အဖြေမှန်စကားလေးတွေရရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကြိုကြားကြိုကြား နိုင်ငံပိုင်သတင်းစာများဖြစ်တဲ့ မြန်မာ့အလင်းတို့၊ ကြေးမုံတို့မှာလည်းပဲ ကျွန်တော်တို့ သက်ဆိုင်ရာပညာရှင်များ ဥပမာ ဆရာဦးခိုင်မောင်ရည်ပြောတဲ့ မောင်ခင်မင်(ဓနုဖြူ)တို့ကလည်းပဲ မြန်မာစာ၊ မြန်မာစကားနဲ့ပတ်သက်ပြီးတော့လည်း အမြဲတမ်းရေးနေပြီလည်းရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့တစ်တွေက တကယ်တော့ ဝိုင်းဝန်းကူညီဖို့လိုပါတယ်။

လူကြီးတွေက ဝိုင်းဝန်းမကူညီတဲ့အတွက် ကလေးတွေက ဒီကနေ့ဆိုရင် တချို့ဝေါဟာရတွေ မှားနေတာတွေရှိပါတယ်။ ဥပမာ အလုပ်တစ်ခုခုလုပ်ရမယ်ဆိုရင် ဘာလုပ်ရမလဲလို့မေးရင် ဘာလုပ်ရအုံးမယ်လို့ ပြောရင် ရကောက်နဲ့မပြောတော့ဘဲ လုပ်ကအုံးမယ်လို့ ပြောနေကြတာတွေရှိပါတယ်။ ချစ်စနိုးနဲ့ နားထောင်နေပြီးတော့ မပြင်ပေးတဲ့အခါမှာ ကလေးက နှုတ်စွဲသွားတဲ့အခါ တချို့လူကြီးတွေဖြစ်လာတဲ့ အထိ လုပ်ကအုံးမယ်၊ သွားကအုံးမယ်ဆိုတဲ့စကားလုံးကို ဒီကနေ့အထိသုံးနေကြတာရှိပါတယ်။ မှားသုံးတာပဲလား ဒေသန္တရတစ်ခုကနေပြီးတော့ ဆင်းသက်လာတဲ့စကားလားဆိုတာတော့ ကျွန်တော်တို့လည်း မသိနိုင်ဘူးဖြစ်ပါတယ်။ အဲဒီလိုပဲ အမှားကြာတော့ အမှန်ဖြစ်လာပြီးတော့ မိမိတို့သုံးနှုန်းနေတဲ့နေရာမှာ အခုဆိုရင်လည်း ကျွန်တော်တို့ အခမ်းအနားတွေမှာလည်းပဲ အခမ်းအနားမှူးတွေ အမြဲတမ်းပြောဆိုရတာမှားနေတာတွေရှိပါတယ်။ အမြဲတမ်းဥက္ကဋ္ဌကြီးမှ မိန့်ခွန်းပြောကြားပါမယ်။ မှဆိုတာ ထွက်ခွာရာ ပြပုဒ်ကို ဒီကနေ့အထိ မှားပြီးသုံးနေကြဆဲ၊ ကျွန်တော်တို့မြန်မာစာရေးထုံးကျမ်းမှာ ပညာရေးဝန်ကြီးဌာနက နေထုတ်ပြန်လိုက်တဲ့ ဒီဘာသာပြန်အညွှန်းဆိုတဲ့ဆီမှာလည်းပဲ ဒီဟာကိုသေသေချာချာကို ထည့်သွင်းသွားပါတယ်။ ကျွန်တော်တို့ ကလေးတွေ စာမေးပွဲဖြေတဲ့နေရာမှာ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းမှာလည်းပဲ ဒီဟာတွေ ကျွန်တော်တို့ အမြဲတမ်းသင်ကြားပေးနေတာတွေရှိပါတယ်။ နေရာပြတာလေးတွေလွဲနေတဲ့အတွက် အဓိပ္ပာယ်ကောက်လွဲနေတာလေးတွေလည်း အမြဲတမ်းမြန်မာစာမှာ သင်လေ့ရှိပါတယ်။ နေ့စဉ်ပြောနေခဲ့ကြတဲ့ မွေးကတည်းကပြောလာခဲ့ကြတဲ့ မြန်မာစကားကိုပဲ ဒီကနေ့ထိ တချို့မှန်အောင် မပြောတာလေးတွေရှိနေပါသေးတယ်။ အဲဒါကတော့ ကျွန်တော်တို့ သက်ဆိုင်ရာမိဘလူကြီးများက ကျောင်းဆရာ ဆရာမများက သင်ကြားပေးဖို့၊ ပြုပြင်ပေးဖို့လိုမယ်လို့ထင်ပါတယ်။ ထိုနည်းတူစွာပဲ သက်ဆိုင်ရာ မီဒီယာတွေကလည်းပဲ အတတ်နိုင်ဆုံး မှန်အောင်ရေးပေးဖို့လိုပါတယ်။ မီဒီယာတွေအနေနဲ့ကတော့ ခေါင်းကြီးပိုင်းရေးတဲ့အခါမှာ သတင်းရဲ့တစ်ခုခုရေးရင်လည်းပဲ အများနားလည်လွယ်အောင် အမြန်ရေးရတဲ့အခါမှာ အတိုလေးတွေဖြတ်ဖြတ်ပြီးရေးတဲ့အခါမှာ အဓိပ္ပာယ်လွဲမှားတာလေးတွေလည်းရှိတာကို ကျွန်တော်တို့အားလုံး သိမြင်ရမှာဖြစ်ပါတယ်။ စကားက မပီလာတဲ့အခါကျတော့ စကားအသံထွက် မပီရင် စာလုံးပေါင်းရေးတဲ့အခါလည်း အဲဒီအတိုင်းပဲလိုက်ရေး တတ်ကြတဲ့အလေ့အထလေးတွေလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့တတ်နိုင်ရင် ကျွန်တော်တို့ မိဘများနှင့် ကျောင်းဆရာဆရာမများအားလုံးက မိမိတို့ရဲ့ ကြီးပြင်းလာတဲ့ကလေးတွေကို မိမိတို့ရဲ့ ဘာသာစကားပေါ့။ ကချင်လည်း ကချင်စကားရှိမယ်။ ကရင်လည်း ကရင်စကားရှိမယ်။ မြန်မာလည်း မြန်မာစကားရှိမယ်။ ဗမာစကားပေါ့။ ရခိုင်လည်းရခိုင်စကားရှိပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့ရဲ့

ဘာသာစကားကို မိမိတို့ပီအောင် ပြောပေးဖို့လည်းလိုပါတယ်။ ဒါကြောင့်မို့လို့ အများဆုံး သုံးနေကြတဲ့ ကျွန်တော်တို့ မြန်မာ့အသံမှာလည်းပြေပါတယ်။ မြန်မာစာရေးထုံးလေးတွေမှာ အပြောအဆို လေးတွေမှာ နိစ္စဓူဝဆိုရင်တောင် ကျွန်တော်တို့နှုတ်ကျိုးနေတဲ့အတွက် နေ့တဓူဝလို့ပဲသုံးပါတယ်။ အမှန်ကတော့ သူကရေးထားတာ နိစ္စဓူဝပါ။ ဒါပေမယ့်လည်း နှုတ်ကျိုးလာတဲ့အခါကျတော့ မှန်သလို လိုမျိုးလေးလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ခုနကတော့ ဒုတိယဝန်ကြီးကတော့ ဖြေရှင်းပြသွားတာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ အဖွဲ့အစည်းတစ်ခုဖွဲ့မယ်ဆိုရင်လည်းပဲ ကျွန်တော်တို့ ဒီမြန်မာနိုင်ငံမှာ ဝိဇ္ဇာ၊ သိပ္ပံပညာရှင်များ အဖွဲ့လည်းရှိပါတယ်။ ကျွန်တော်တို့ဆီက ဒေါက်တာစိုးရင်တို့ဆိုလည်း ဒီအဖွဲ့ထဲမှာပါနေတာတွေလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ ခုနက ပြည်ထောင်စုဝန်ကြီးဌာနက ပြောသွားတဲ့အတိုင်းပဲ သက်ဆိုင်ရာကဏ္ဍအသီးသီးကနေပြီးတော့ မိမိတို့နဲ့သက်ဆိုင်တဲ့ ဝေါဟာရတွေကို အဓိပ္ပာယ်ပြန်ဆိုပြီးတော့ ပြုစုပေးသွားမယ်ဆိုရင်တော့ ပိုလွယ်မယ်လို့ ကျွန်တော်ထင်ပါတယ်။ အဖွဲ့အစည်းအနေနဲ့ဆိုရင် လိုက်ပြီးတော့ ဘယ်နေရာမှာ ဘာစကားပေါ်နေလဲဆိုတာ လိုက်ပြီးရှာနေရမယ်ဆိုရင် ခက်ခဲမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့်မို့လို့ ဖြေရှင်းပြချက်တွေများအပေါ်မှာ အဆိုရှင်ဖြစ်တဲ့ ဦးခိုင်မောင်ရည်ရဲ့ သဘောထားလေးကိုလည်း ကျွန်တော်တို့တွေ ပြန်ပြောပြပေးပါ။ သိလိုပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)။** ။ အခုလို သေသေချာချာရှင်းပြသွားပေးတဲ့ ဒုတိယဥက္ကဋ္ဌကြီးကို ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ စောစောက ပညာရေးဒုတိယဝန်ကြီး ရှင်းပြသွားတာကိုလည်း ကျွန်တော်တို့ နားလည်ပါတယ်။ ကျွန်တော်တို့ ဒီအဆိုကို စတင်ပေါ်ပေါက်ခဲ့ရတဲ့ အကြောင်းကိုလည်းရှင်းပြပြီးဖြစ်ပါတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိဖို့လိုအပ်ပါမယ်။ တာဝန်ယူတဲ့ အဖွဲ့အစည်းရှိနေတယ်ဆိုတာ မြန်မာစာအဖွဲ့တို့ ဝိဇ္ဇာ၊ သိပ္ပံ အဖွဲ့တို့ ရှိတာကိုလည်း ကျွန်တော်တို့ သိခဲ့ရပါတယ်။ သို့သော် လွှတ်တော်ထဲအထိ ဥပဒေများအထိ ရောက်လာတဲ့ စကားလုံး တွေကို ကျွန်တော်တို့မြန်မာမှုမပြုခဲ့ဘူးလားလို့ ကျွန်တော်တို့မေးတဲ့အခါမှာ ဆက်သွယ်ရေးနှင့် ပတ်သက်တဲ့ ဥပဒေမပြုခဲ့ဘူး။ ဒါတွေနဲ့ပတ်သက်ပြီးတော့ မြန်မာမပြန်ပေးလိုက်ဘူး။ ဒီအတိုင်းပဲ လာပါတယ်လို့ သိရပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနကိုမေးတဲ့အခါမှာ အဲဒီတော့ တချို့ ဟာလေးတွေ ဘာသာပြန်ဖို့ကိစ္စမှာ တာဝန်ယူမယ့် အဖွဲ့အစည်းက ဘယ်အဖွဲ့အစည်းလည်းဆိုတာကို ကျွန်တော်တို့ ပျောက်နေပါတယ်။ ဒါကိုတာဝန်ယူပေးမယ့်သူ အခုလိုရှိတယ်။ ဒါနဲ့ပတ်သက်ပြီးတော့မှ

မှတ်တမ်းတင်ထားဖို့ပဲလိုအပ်ပါတယ်လို့ ပြောတာကိုလည်း ကျွန်တော်တို့ဒါနဲ့ပတ်သက်ပြီးတော့မှ တာဝန်ယူတဲ့လူရှိတယ်ဆိုရင် ကျွန်တော့်အနေနဲ့ မှတ်တမ်းတင်ဖို့အတွက်ကို သဘောတူပါတယ်ခင်ဗျား။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ခုနက လွှတ်တော်ကိုယ်စားလှယ်တော်ကြီးလည်း ကျွန်တော်တို့ရဲ့ ဒီရှင်းလင်းတင်ပြတဲ့အပေါ်မှာ သဘောတူတဲ့အတွက် ကျွန်တော်ကလည်းကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့လည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ အကြံဉာဏ်များကိုရယူပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်လိုတဲ့ အနေအထားရှိပါတယ်။ ဥပမာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးလည်း ပြောပါတယ်။ တနင်္သာရီတိုင်းမှာဆိုရင် ရေပုံးကို ဗာလီချိုင့်လို့ခေါ်ပါတယ်။ ကျွန်တော်တို့ ဒီဘက်မှာတော့ ရေပုံးလို့ခေါ်ပါတယ်။ ဒါမျိုးဝေါဟာရတွေခေါ်ပါတယ်။ ကျွန်တော်ကတော့ မြေလတ်သားပါ။ တနင်္သာရီတိုင်းက မဟုတ်ပါဘူး။ သို့သော်လည်းပဲ အခေါ်အဝေါ်တွေက ပြောင်းလဲနေတာအများကြီးရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ခုနကပြောသလိုပဲ သင်္ဘောသီးဆိုရင် တနင်္သာရီတိုင်းဘက်မှာဆိုရင် ရှိန်းခိုသီးလို့ခေါ်ပါတယ်။ ဒါကတော့ ပုလောနယ်ကပြောတဲ့ အသုံးအနှုန်းမျိုးလို့ ကျွန်တော်တို့သိပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေကတော့ ဒေသအလိုက် ကွဲပြားနေသော်လည်းပဲ ကျွန်တော်တို့မှာ ခုနက မြန်မာစာအဖွဲ့ဦးစီးဌာနဆိုတာလည်း တည်ရှိပြီးဖြစ်တဲ့အတွက် ဒီအဖွဲ့ကိုလည်း အကြံဉာဏ်များပေးပြီးတော့လုပ်ဆောင်သွားမယ်ဆိုရင် ကျွန်တော်တို့ကလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရဲ့အကြံဉာဏ်ကိုရယူပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ရဲ့ အဆိုရှင် ဦးခိုင်မောင်ရည်တင်သွင်းသွားတဲ့အဆိုကို ခုနက အများကြားသိရတဲ့အတိုင်းပဲ ကျွန်တော်တို့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကလည်း ဖြေကြားသွားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အဆိုရှင် ဦးခိုင်မောင်ရည်ကိုယ်တိုင်ကလည်း ဒီဟာကို မှတ်တမ်းတင်ဖို့အတွက် လက်ခံကြောင်းရှိပါတယ်။ ဒီဟာကိုလည်းပဲ မှတ်တမ်းတင်ထားမယ်ဆိုရင်လည်းပဲ ကျွန်တော်တို့ရဲ့ သက်ဆိုင်ရာကော်မတီကလည်းပဲ ဒီဟာကိုစောင့်ကြည့်ပြီးတော့ ဆက်လက်ဆောင်ရွက်စရာရှိရင် ဆက်လက်ဆောင်ရွက်သွားပေးမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အလျဉ်းသင့်လို့ လိုအပ်လာတဲ့အခါကျရင်လည်း ကျွန်တော်တို့ အဆိုရှင် ဦးခိုင်မောင်ရည်ကပဲ ထပ်ပြီးတော့ တွန်းအားပေးပြီးတော့ လုပ်စရာရှိတာလေးတွေ

ဆက်လက်ဆောင်ရွက်လို့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင် ဦးခိုင်မောင်ရည်ကတော့ အဆို တင်သွင်းသွားပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အားလုံးလည်း လက်ခံပြီးသားဖြစ်တဲ့အတွက် ဒီဟာလေးကိုတော့ မေးတော့မေးပါရစေခင်ဗျား။ အခု ဦးခိုင်မောင်ရည်တင်သွင်းသွားတဲ့အဆိုကို ကျွန်တော်တို့ လွှတ်တော်က မှတ်တမ်းတင်ထားရှိရန်ဖြစ်တဲ့အတွက် ဒီအဆိုကို မှတ်တမ်းတင်ထားရှိဖို့ အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသေးလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့ အတွက် အဆိုရှင် ဦးခိုင်မောင်ရည်တင်သွင်းသွားတဲ့ အဆိုကို မှတ်တမ်းတင်ထားရှိကြောင်း ဆုံးဖြတ် ပါတယ်ခင်ဗျား။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိပြန်လည်ပေးပို့သော မြန်မာနိုင်ငံ လေယာဉ် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အစီအစဉ် ၇ ကို ဆက်လက် ဆောင်ရွက်ပါ့မယ်။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်မရှိအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားတဲ့ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း ကို ၂-၁၀-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်ကနေ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်း သဘောတူကြောင်း အကြောင်းကြားလာခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာတဲ့ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ ယင်းဥပဒေကြမ်းကို အတည်ပြုရန်အတွက် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကသဘော မတူတဲ့သူမရှိတဲ့အတွက် မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၂း၀၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**[ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၂း၀၅ နာရီအချိန် တွင် ရပ်နားပါသည်။]**